# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၀၆၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

# မကွေးတိုင်းဒေသကြီးအနေဖြင့် စားသုံးဆီနှင့် ချည်ထည်ပစ္စည်း အများဆုံးထုတ်လုပ်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ဒေသထွက်ကုန်ကြမ်းကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လို

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား မကွေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။


*စာမျက်နှာ ၃ ကော်လံ ၁*


## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၈

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်က စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးအောက်ရှိ အနုပညာရှင်များက လည်းကောင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက လည်းကောင်း ဆက်လက်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❖


## ယနေ့ ဖတ်စရာ


မြန်မာ့စီးပွားပျက်ကပ်သို့ ဦးတည်စေမည့် အနောက်နိုင်ငံအလိုကျ အကြမ်းဖက် NUG ၏ အနာဂတ်စစ်ပွဲ — ဆောင်းပါး — စာ - ၁၀

မွန်ဂိုလီးယားနိုင်ငံမြို့တော်၌ ရာသီဥတုအလွန်အေးသည့်အတွက် ကျောင်းများကို အွန်လိုင်းဖြင့် သင်ကြားရန် အစိုးရက တိုက်တွန်း — နိုင်ငံတကာသတင်း — စာ - ၁၄

မြန်မာနိုင်ငံတွင် လွှတ်တော်သုံးရပ်လုံးအတွက် ပြောင်းလဲဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ် — ဆောင်းပါး — စာ - ၁၆

မြန်မာ့အလင်း

# အိမ်သာမှ ဧည့်လာ

သေး၊ ငယ်၊ လတ်စီးပွားရေးလုပ်ငန်းများတွင် ခရီးသွားလုပ်ငန်းသည်လည်း ဝန်ဆောင်မှုကဏ္ဍ၌ပါဝင်ပြီး အရေးပါသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရသည့်အတွက် ယင်းလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ ထိခိုက်နစ်နာမှုများရှိခဲ့သလို ယင်းလုပ်ငန်းတွင် မှီခို၍ သက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြရသူများစွာတို့လည်း စားဝတ်နေရေး ခက်ခဲခဲ့ကြရသည်။ ယခုအခါ ကိုဗစ်-၁၉ ကူးစက်မှု ပြည်တွင်း၌ လျော့နည်းကျဆင်းနေပြီး ထိန်းချုပ်လာနိုင်သည်နှင့်အမျှ ပြည်တွင်းခရီးသွားလုပ်ငန်း ပြန်လည်နိုးထလာခြင်းနှင့်အတူ အလားအလာကောင်းတို့လည်း မျှော်လင့်၍ရနိုင်သည့် အခြေအနေသို့ ရောက်ရှိလာသည်။

မြန်မာလူမျိုးတို့မှာ ခရီးသွားဝါသနာထုံသူများဖြစ်ကြပြီး ပြည်တွင်းခရီးသွားလာရာတွင် ဘုရားဖူးခြင်းနှင့် ဒေသန္တရဗဟုသုတအလည်အပတ်သွားကြခြင်းက အများစုဖြစ်သည်။ သမိုင်းဝင်စေတီပုထိုး၊ ဘုရားကျောင်းကန်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ ဒေသအလိုက်ကွဲပြားခြားနားစွာ တည်ရှိနေကြသည့် သဘာဝအလှအပများ၊ ရိုးရာဓလေ့ထုံးစံများနှင့် လူမှုဘဝများ၊ ဒေသအစားအစာများနှင့် ဒေသခံပြည်သူများ၏ ရင်းနှီးဖော်ရွေမှုများက ခရီးသွားပြည်သူများကို မိမိတို့ဒေသသို့ လာရောက်စေမည့် ဆွဲဆောင်မှုများပင်ဖြစ်သည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံတွင် နာမည်ကျော်ကြားထင်ရှားပြီးသားဖြစ်သည့် ခရီးသွားနေရာဒေသများအပြင် ထပ်မံဖော်ထုတ်နိုင်သည့် နေရာဒေသအများအပြားရှိနေရာ မိမိတို့နေရပ်ဒေသစီးပွားပွင့်လန်းလာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ဒေသခံတို့ကိုယ်တိုင် အားထုတ်ကြိုးပမ်းကြရန်လိုသည်။

"မိမိတို့ဒေသသို့ လာရောက်သူများ စိတ်ချမ်းမြေ့မှုရှိစေရေး မြို့ရွာများသန့်ရှင်းသာယာလှပစေရန် အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာခရီးသွားများလာရောက်မှုပိုမိုများပြားပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသတွင်းတည်ရှိသည့် ဘုရားကျောင်းကန်များအား အများပြည်သူများလာရောက်ဖူးမြော်ကြည်ညိုချိန်တွင် စိတ်ကြည်နူးချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသာယာစေရေးအတွက်လည်း ဆောင်ရွက်ကြစေလိုကြောင်း၊ MSME လုပ်ငန်းများတွင် ဝန်ဆောင်မှုလုပ်ငန်းသည်လည်း ပါဝင်သဖြင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း" နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မကွေးတိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အိမ်သာလျှင် ဧည့်လာသည်ဟူသော ဆိုရိုးစကားကဲ့သို့ပင် မြို့ရွာများ တည်ငြိမ်အေးချမ်းပြီး သန့်ရှင်းသပ်ရပ်လှပကာ ဒေသခံပြည်သူတို့၏ ဖော်ရွေပျူငှာမှုတို့က ခရီးသွားလုပ်ငန်းများ အောင်မြင်ရေးတွင် အရေးပါသည့်အလျောက် မိမိတို့၏ ရပ်ရွာများတွင် ဘုရားကျောင်းကန်များ ပြုပြင်ထိန်းသိမ်းရေး၊ အရိပ်ရပင်၊ သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းစိုပြည်ရေး၊ အမှိုက်သရိုက်များနှင့် အမြင်မတင့်တယ်မှုများ ကင်းစင်ရေး၊ ဈေးများ၊ ဆိုင်များ၊ လမ်းများ သန့်ရှင်းသပ်ရပ်ရေး စသည်တို့မှာ ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များဖြစ်သည်။ ခရီးသွားပြည်သူများ လာရောက်ကြသည့် ခရီးစဉ်ဒေသများ ဖြစ်ပေါ်လာသည်နှင့်အမျှ ဒေသခံပြည်သူများအတွက် အခွင့်အလမ်းသစ်များ ထွက်ပေါ်လာခြင်းနှင့်အတူ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း။ ။




## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ဂျပန်-မြန်မာယဉ်ကျေးမှု မြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းအား ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေး အသင်းဥက္ကဋ္ဌ Mr.Fumio USUI နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။




**တွေ့ဆုံဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ၊ မီဒီယာကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## "ငှက်မင်းသား ဝမ်းဖြူ" ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့်




သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာကျက်စားသည့် ဒေသရင်း ငှက်မျိုးစိတ်အဖြစ်မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း "ငှက်မင်းသားဝမ်းဖြူ" ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်၊ (သောကြာနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်ပါသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဒီဇင်ဘာ ၂ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၈**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

"အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။
အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး"

"Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world"

၃.၁၂.၂၀၂၂ နေပြည်တော်

# ဝါစိုက်ပျိုးမှုလုပ်ငန်းများမှ မိမိတို့နိုင်ငံတွင် အကောင်းဆုံးသော ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်

○ *ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

## စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အသေးစားစက်မှုဇုန် အကောင်အထည်ဖော်ရန် ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ပြန်လည်ပေးသွင်းလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများနှင့် လုပ်ငန်းခွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဖိုးနီ၊ ရက်ကန်းလုပ်ငန်းရှင် ဒေါ်တင်ဌေး၊ သဘာဝစလေ ဆီးနှင့်မန်ကျည်းအနှစ်ဖျော်ရည်လုပ်ငန်းရှင် ဒေါ်သက်စုဌေး၊ ဆီစက်လုပ်ငန်းရှင် ဦးဝင်းထွန်း၊ သောက်ရေသန့်နှင့် ဆီစက်လုပ်ငန်းရှင် ဦးမောင်မောင်လွင်နှင့် တက်ရောက်လာကြသူများက မကွေးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံစိုက်ပျိုးမှုကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည့် သွင်းအားစုများနှင့် နည်းပညာများ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသထွက်ကုန်များကို အသုံးပြုဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးစေလိုမှု၊ ဆန်စက်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများ ကူညီဆောင်ရွက်ပေးစေလိုမှု၊

**“ဒေသတွင်း တည်ရှိသည့် ဘုရား၊ ကျောင်းကန်များအား အများပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုချိန်တွင် စိတ်ကြည်နူး ချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသာယာစေရေးအတွက်လည်း ဆောင်ရွက်ကြစေလို”**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

**❉ ၂၀၂၀ ပြည့်နှစ်မှစသည့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ချိန်တွင် မိမိတို့အနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ကျော်လွှားနိုင်ခဲ့**

**❉ နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်မှုများလည်း ဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရ**

ပြည်တွင်း၌ မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်းတို့က ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ စီးပွားရေးကျဆင်းခဲ့ရမှု၊ ကိုဗစ်-၁၉ အပါအဝင် နိုင်ငံရေး အကျပ်အတည်းများကြားမှ နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ချေးငွေများထုတ်ချေးပေးထားမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) များ ဖွံ့ဖြိုးရေးအတွက် အားပေးဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

## ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးအကြံပြု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် ယခုနှစ်အတွင်း မကွေးတိုင်းဒေသကြီးသို့ ဒုတိယအကြိမ်ရောက်ရှိခြင်းဖြစ်ပြီး ယခင်ကထက် သိသိသာသာ တိုးတက်မှုရှိလာသည်ကို အားရဖွယ်တွေ့မြင်ရကြောင်း၊ ယနေ့တွေ့ဆုံပွဲတွင် တင်ပြချက်များအရ လုပ်ငန်းများတိုးတက်မှုရှိစေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးတင်ပြကြသည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရေးအတွက် အခြေအနေကောင်းကို ဖန်တီးရန်နှင့် မိမိတို့ကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ကောင်းမွန်တိုးတက်မှသာလျှင် စီးပွားရေးလုပ်ငန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သယံဇာတပစ္စည်းများမှ ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များမှ ထုတ်လုပ်ခြင်းဟူ၍ ရှိကြောင်း၊ ကုန်ဈေးနှုန်းမြင့်တက်ရခြင်းသည် ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှု မမျှတခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ ကြီးမြင့်ခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် စားသုံးမှုနှင့် ထုတ်လုပ်မှုကို မျှတအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံရှိ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြကြောင်း၊ မြို့ပြ၌နေထိုင်ကြသူများအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်များဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် **စိုက်ပျိုးမွေးမြူရေး လုပ်ငန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကကျကြောင်း၊ ယင်းလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် အခြေခံကျသည့် ကျေးလက်စီးပွားရေးကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေး တိုးတက်လာပါက ဝယ်လိုအားတက်လာပြီး လူမှုစီးပွားဘဝ တိုးတက်လာစေမည်ဖြစ်ကြောင်း၊** သို့ဖြစ်၍ စနစ်ကျသည့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

- **ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး ပညာတတ်မြောက်မှုအပေါ်မူတည်၍ လူတစ်ဦးချင်း၏ဘဝ ရပ်တည်မှုများသည်လည်း ကွာခြားသွားမည်ဖြစ်**
- **ပညာရေးကို အားပေးဆောင်ရွက်ခြင်းသည် မိမိတို့ဘဝကို မြှင့်တင်ဆောင်ရွက်ခြင်းပင်ဖြစ်**
- **စာတွေ့နှင့် လက်တွေ့ကို ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ အကျိုးစီးပွားကို တိုးတက်စေမည်ဖြစ်**

### ပြည်တွင်းကုန်ထုတ်လုပ်မှုအားပေးဆောင်ရွက်

မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို စိတ်ပါဝင်စားမှုနည်းပါးကြကြောင်း၊ ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ခြင်း မရှိခဲ့သောကြောင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ့စီးပွားရေး ကျဆင်းခဲ့ကြောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်သဖြင့် မိမိတို့ တာဝန်ယူချိန်ကာလမှစတင်၍ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ထိုက်သင့်သလောက် တိုးတက်မှုမရှိခဲ့ကြောင်း၊ ထို့ပြင် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့်လည်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ **၂၀၂၀ ပြည့်နှစ်မှစသည့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ချိန်တွင် မိမိတို့အနေဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခက်အခဲ အမျိုးမျိုးကြားမှ ကျော်လွှားနိုင်ခဲ့ကြောင်း**၊ အလားတူ **နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်မှုများလည်း ဖြစ်ပေါ်ခဲ့ပြီး မိမိတို့အနေဖြင့် ထိန်းသိမ်း** ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးဖြစ်ထွန်းစေကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ဦးဆောင်၍ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွား ဘဝမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပြည်တွင်း လိုအပ်ချက်များဖြစ်သည့် လူသုံးကုန်ပစ္စည်းများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် အခြေခံ လူသုံးကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းရသူ (Importer) အဆင့်မှ ပြည်တွင်းလိုအပ်ချက် ဖူလုံပြည့်မီအောင် ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်သူ (Exporter) အဆင့်အထိ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကို ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက အမြင်ကျယ်ကျယ်

> **“ယခင်က ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများ အကြောင်းအမျိုးမျိုးဖြင့် ရပ်တန့်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍများ နှောင့်နှေးခဲ့ရ”**

**ဆောင်ရွက်ခဲ့ရ**ကြောင်း၊ ထိုကဲ့သို့သော အခက်အခဲများ ဖြစ်ပေါ်ခဲ့သည့်ကြားမှ မကွေးတိုင်းဒေသကြီးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်မည်ဆိုပါက စီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင်မြင်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိလာမည်ဖြစ်ကြောင်း။

MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ MSME လုပ်ငန်းတွင် ထုတ်လုပ်မှုကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ ရှိကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထား ထုတ်လုပ်သည့် ထုတ်ကုန်များ ထုတ်လုပ်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုကို ပိုမိုအထောက်အပံ့ပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝလည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်ပင်၊ သစ်တောနှင့် ဝါးသယံဇာတ များစွာရှိကြောင်း၊ ဝါးကိုအခြေခံသည့် စက္ကူပျော့ဖတ်များ ထုတ်လုပ်၍ ပြည်တွင်းစက္ကူ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ သစ်အချောထည် ပစ္စည်းများကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ သစ်တောထွက်ကုန်ပစ္စည်းများကို အသုံးပြု၍ ပြည်တွင်းသုံးကုန်များကို အစားထိုးနိုင်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့နိုင်ကြောင်း၊ သစ်တောထွက်သယံဇာတများကို ထုတ်ယူသုံးစွဲပြီးပါက ပြန်လည်အစားထိုးစိုက်ပျိုးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ပြည်တွင်း စားသုံးဆီလိုအပ်မှုနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ ဆီအိုးကြီးဖြစ်သော်လည်း နိုင်ငံတော်မှ သတ်မှတ်ထားသည့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သည်အထိ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးမှုများ အထွက်နှုန်း တိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်သည့်အတွက်လည်း ဝါစိုက်ပျိုးမှုလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ **ဝါစိုက်ပျိုးမှုလုပ်ငန်းများမှ မိမိတို့နိုင်ငံတွင် အကောင်းဆုံးသော ချည်ထည်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်**ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် မျိုးကောင်းမျိုးသန့်များ ရရှိရန်၊ မြေကောင်းမွန်ရန်၊ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရန်နှင့် စိုက်ပျိုးနည်းစနစ်များ မှန်ကန်ရန် တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

### ဒေသတွင်းခရီးသွားများ ဝင်ရောက်မှုများပြားခြင်းဖြင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေမည်

မကွေးတိုင်းဒေသကြီးအတွင်း အထင်ကရနေရာများနှင့် တန်ခိုးကြီး စေတီပုထိုးများ များစွာရှိသဖြင့် တစ်နိုင်ငံလုံးမှ ဘုရားဖူးများ လာရောက်ကြကြောင်း၊ မိမိတို့ဒေသသို့ လာရောက်သူများ စိတ်ချမ်းမြေ့မှုရှိစေရေး မြို့ရွာများ သန့်ရှင်းသာယာလှပစေရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ ခရီးသွားများ လာရောက်မှုပိုမိုများပြားပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ **ဒေသတွင်းတည်ရှိသည့် ဘုရား၊ ကျောင်းကန်များအား အများပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုချိန်တွင် စိတ်ကြည်နူးချမ်းမြေ့စွာဖြင့် ဖူးမြော်နိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းသာယာစေရေးအတွက်လည်း ဆောင်ရွက်ကြစေလို**ကြောင်း၊ MSME လုပ်ငန်းများတွင် ဝန်ဆောင်မှုလုပ်ငန်းသည်လည်း ပါဝင်သဖြင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိုက်သင့်သည့်အတိုးနှုန်းများဖြင့် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ချေးငွေများရှိသကဲ့သို့ ပုဂ္ဂလိကချေးငွေများလည်းရှိပြီး အဆိုပါချေးငွေများကိုလည်း သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ချေးငွေများ ထပ်မံထုတ်ချေးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

မကွေးတိုင်းဒေသကြီးအတွင်း ရေနံထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါရေနံထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ စည်းစနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

လျှပ်စစ်ဓာတ်အားလုံလောက်စွာ ရရှိရေးအတွက် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကိုလည်း တတ်နိုင်သမျှ ချွေတာသုံးစွဲကြစေလိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြစေလိုကြောင်း၊ **ယခင်က ဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ အကြောင်းအမျိုးမျိုးဖြင့် ရပ်တန့်ခဲ့ရသည့်အတွက် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍများ နှောင့်နှေးခဲ့ရ**ကြောင်း။

### ပညာရေး အားပေးဆောင်ရွက်ကြရန်လို

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး **ပညာတတ်မြောက်မှုအပေါ် မူတည်၍ လူတစ်ဦးချင်း၏ ဘဝရပ်တည်မှုများသည်လည်း ကွာခြားသွားမည်ဖြစ်**ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိရေး ဒေသတွင်း ပညာတတ်များပေါ်များ ကြွယ်ဝရန်လိုသဖြင့် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် တက္ကသိုလ်နှင့် ကောလိပ်များ များစွာရှိကြောင်း၊ **ပညာရေးကို အားပေးဆောင်ရွက်ခြင်းသည် မိမိတို့ဘဝကို မြှင့်တင်ဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း၊ အလားတူ ဗဟုသုတ အသိအမြင်များ တိုးပွားစေရေးအတွက် စာပေများကိုလည်း အမြဲမပြတ်ဖတ်ရှုနေရန်လိုကြောင်း၊ **စာတွေ့နှင့် လက်တွေ့ကို ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ အကျိုးစီးပွားကို တိုးတက်စေမည်ဖြစ်**ကြောင်း၊ တစ်ဦးချင်း တိုးတက်မှုမှ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ နိုင်ငံတော်အဆင့်အထိ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းဆွေးနွေး ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေး လုပ်ငန်းရှင်များက လိုက်လံရှင်းလင်း တင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

အဆိုပါ ပဒေသာကပွဲ၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV-HD၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App တို့တွင် ညနေ ၆ နာရီခွဲမှ ည ၈ နာရီအထိနှင့် ည ၉ နာရီမှ ည ၁၁ နာရီအထိ နှစ်ချိန်ခွဲ၍ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းနှင့် ည ၈ နာရီသတင်း ထုတ်လွှင့်ချိန်ဖြစ်သော ည ၉ နာရီအထိ ဖျော်ဖြေခဲ့သည့် အစီအစဉ်များကို ယင်းရုပ်သံလိုင်းများတွင် နောက်တစ်နေ့ ညနေ ၄ နာရီ သတင်းပြီးချိန်မှ ညနေ ၆ နာရီအတွင်း Delay ပြသသွားမည်ဖြစ်သည်။

**သတင်းစဉ်**

---

## ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများလျှောက်ထားနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် (၃) လ သင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများသို့ တက်ရောက်လိုသူများသည် အမှတ် (၆၅)၊ ကျိုက်ဝိုင်း ဘုရားလမ်း၊ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၉၆၆၁၇၂၊ ၀၉-၂၅၀၄၀၂၃၉၂ နှင့် ၀၉-၄၂၁၁၁၀၈၆၇ သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား/သူများအတွက် ရန်ကုန်မြို့သို့လာသော ခရီးစရိတ်နှင့် အပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား နယ်မြေခံတပ် သီဟသူရကျောင်းစံခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် နိုင်ငံတော်တွင်ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ ခေတ်အဆက်ဆက် အုပ်ချုပ်ပုံစနစ်များ ပြောင်းလဲခဲ့မှုနှင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဦးစွာ ရှင်းလင်းပြောကြားသည်။

## နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် လက်ရှိအချိန်တွင် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ရလျက်ရှိပြီး ပြည်တွင်းစီးပွားရေးကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။

အားပေးဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးသည် ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်ကြောင်း၊ အလားတူ ဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ် ဆောင်ရွက် အကောင်အထည်ဖော်လျက် ရှိကြောင်း၊ အကြမ်းဖက်မှုဖြစ်စဉ်များ ပပျောက်လျော့နည်းစေရေးအတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## တပ်တွင်းစည်းလုံးညီညွတ်ရေး ခိုင်မာအောင်တည်ဆောက်

တပ်မတော်သားများအနေဖြင့် စည်းကမ်းတကျဖြင့် နေထိုင်လုပ်ကိုင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တပ်တည်ဆောက်ရေး လုပ်ငန်းများကို ထမ်းဆောင်နေရသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ရှေ့တန်းတာဝန်ထမ်းဆောင်နေရသူများ အနေဖြင့်လည်း ရဲဝံ့စွန့်စားစွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် မိမိတို့မှ စိတ်ဓာတ်ခွန်အားကောင်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတိုင်းအနေဖြင့် မိမိတို့ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို မှန်မှန်ကန်ကန်နှင့် ကျေပွန်အောင် ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်း ရသင့်ရထိုက်သည့် အခွင့်အရေးများ၊ ရပိုင်ခွင့်များအားလုံး ပြည့်ဝစွာရရှိရေး တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ပြင်ပမှဝယ်ယူစားသောက်ရမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်း၊ အထက်အောက် ရိုသေလေးစားမှုရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် အသိပညာ ဗဟုသုတများ ရရှိစေမည့် ဆွေးနွေးပွဲ၊ ဟောပြောပွဲများ ပြုလုပ်ပေးခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အထက်အောက် သံယောဇဉ်တရားများ ဖြစ်ပေါ်လာပြီး တပ်တွင်းစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစေနိုင်ကြောင်း။

## ပညာရေးအားပေးဆောင်ရွက်

တပ်မတော်သားများအနေဖြင့် မိမိကိုယ်တိုင် စာပေလေ့လာဖတ်မှတ်ရန် လိုအပ်သကဲ့သို့ မိမိတို့၏ မျိုးဆက်သစ် သားသမီးများ၏ ပညာရေးကိုလည်း ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေပေးနိုင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးချင်း၏ အရည်အသွေးမြှင့်တင်ရေးနှင့် ဘဝတိုးတက်ရေးအတွက် စစ်သားကောင်းပီသစွာဖြင့် စည်းကမ်းနှင့်အညီ နေထိုင်ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အသိပညာ တိုးတက်ရေးအတွက် စာပေဖတ်ရှုခြင်း၊ ဆွေးနွေးပွဲများတွင် အသိပညာဖလှယ်ခြင်းနှင့် နားထောင်ခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုမှတ်သားခြင်းမှာ မည်သည့်အခါမျှ ပြီးဆုံးသည်ဟူ၍ မရှိကြောင်း၊ အတန်းပညာမြင့်မားရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

စာပေများကိုဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတများ များစွာရရှိလာမည်ဖြစ်သဖြင့် စာပေဖတ်ရှုလေ့လာကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ အားပေးဆောင်ရွက်လျက်ရှိသဖြင့် မိမိတို့၏ သား၊ သမီးများ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်း အားပေး ဆောင်ရွက်ကြစေလိုကြောင်း။

တပ်မတော်သည် စည်းကမ်းတကျ ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ ရှိရင်းစွဲအရည်အချင်းများကို အမြဲတမ်း ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် အလေးအနက်ထား ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သားပီသစွာ နေထိုင်ကြရန်နှင့် မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိတို့အရည်အချင်းကို မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ တစ်ဦးချင်းအရည်အချင်းများကို မြှင့်တင်ဆောင်ရွက်ပြီး မိမိတို့ကျရာတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ စိတ်ဓာတ်ခွန်အားရရှိရေးအတွက်လည်း အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နယ်မြေခံတပ်မဌာနချုပ်မှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ နယ်မြေခံတပ်မဌာနချုပ်မှူး၏ ဇနီးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**တပ်မတော်သားတိုင်း အနေဖြင့် မိမိတို့ တစ်ဦးတစ်ယောက်ချင်း ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို မှန်မှန်ကန်ကန်နှင့် ကျေပွန်အောင် ဆောင်ရွက် နေခြင်းသည် နိုင်ငံတော်ကို ကာကွယ်နေခြင်းပင်ဖြစ်ပြီး မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်**

## လဟယ်မြို့၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး အပိုဆောင်းထိုးနှံ

**လဟယ် နိုဝင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ အထကကျောင်း၌ ပညာသင်လျက်ရှိသော ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်းထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ အထက်တန်းကျောင်းရှိ ချယ်ရီမြိုင်ခန်းမ၌ စတင်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံရာတွင် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသည့် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား အပိုဆောင်း ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၇၈ ဦးကို ထိုးနှံပေးခဲ့ပြီး ကျန်ရှိသော ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

**ယွန်း(မုံရွာ၊ ကိုယ်ပွား)**

## ၂၀၂၂- ၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ဒုတိယအကြိမ် ထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ဒုတိယအကြိမ် ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး(အပေါ်ပုံ) တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။



အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများကို တပ်နယ်အလိုက် တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ (တတိယနေ့) ကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ ဆက်လက် ကျင်းပသည်။





ပဒေသာကပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အပေါ်ယာပုံ)**

**ပျော်ရွှင်စွာ သီဆိုကပြ**

ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်နှင့် ဂီတတို့မှ အနုပညာရှင်များက ပဏာမဧည့်ခံ ဂီတသံ၊ လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်၊ "တောသူအချစ်"၊ "မေတ္တာနုနုစေလိုသူ"၊ "ရောင်စုံမမ"၊ "ပျော့အချစ်"၊ လွတ်လပ်ရေးနေ့ ဂုဏ်ပြုပဏာမ တေးတစ်ပုဒ်ဖြစ်သည့် "ပြည့်ရတနာ"၊ "ကံ့ကော်မျက်ရည်"၊ "မိတော့မိတယ်"၊ "မျက်လုံးချင်းစကားပြောနေပြီ"၊ "ပင်ချင်းယှက်၍နွယ်ချင်းခက်သော်" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "ပြန်လည်ဆုံတွေ့ကြရာဝယ်" နှစ်သံတစ်ကိုယ်တင်ဆက်မှုဖြင့် လည်းကောင်း၊ "ဗာရာဏသီ" တစ်ခန်းရပ် ပြဇာတ်ဖြင့် လည်းကောင်း၊ "ပြန်ပေးပါရစေ အသည်းလေးတစ်မွှာ"၊ "အချိန်ရမှ နားထောင်ပါ"၊ "အချစ်နတ်ဆိုးလေး"၊ "ပြန်လာခဲ့"၊ "ကချင်မြေကိုလာပါ"၊ "ရုံးတော်လွှတ်တော်"၊ တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "ရွှေစွန်ညို" တေးသရုပ်ဖော် ကပြဖျော်ဖြေမှုဖြင့် လည်းကောင်း၊ "ဘယ်သူဆရာကြီးလဲ" ပြဇာတ်ဖြင့် လည်းကောင်း၊ "သောကတောင်တန်း"၊ "ယောသူတို့ရွာ"၊ "စနေထောင့်မှာ ပန်းလှူမယ်"၊ "အန်ကယ်ကတော့ No ပါ" တေးသီချင်းတို့ဖြင့် လည်းကောင်း၊ "အညာမိသွားတဲ့ အညာသားလေး" တေးသရုပ်ဖော်၊ ကရင်ပြည်နယ် ဒုံရောင်ဖူးကျော် ဇာတ်အဖွဲ့မှ နှစ်ပါးသွား ဖျော်ဖြေတင်ဆက်မှု၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအနားသတ် အစီအစဉ်တို့ဖြင့် လည်းကောင်း ပျော်ရွှင်စွာ သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

**ကပြဖျော်ဖြေတင်ဆက်မည်**

အဆိုပါ ပဒေသာကပွဲကို ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့စေရန်နှင့် လွတ်လပ်ရေး၏ အငွေ့အသက်များ ခံစားနားလည်နိုင်စေရန် ရည်ရွယ်၍ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ကျင်းပရေးဦးစီးကော်မတီက ကြီးမှူးပြီး နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ နိုဝင်ဘာ ၃၀ ရက်အထိ ညနေ ၆ နာရီခွဲမှ ည ၁၁ နာရီအတွင်း ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ၊ ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်း

နေပြည်တော် နိုဝင်ဘာ ၂၈

**(၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)

အစည်းအဝေးသို့ ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ ဒုတိယစစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ခင်မောင်အေး၊ ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သည့် နေပြည်တော် ကောင်စီဝင်၊ တိုင်းဒေသကြီး /ပြည်နယ် အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ယခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့သည် အနှစ်သာရရှိပြီး ကြုံတောင့်ကြုံခဲနေ့တစ်နေ့ဖြစ်သည့်အတွက် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂုဏ်ပြုယာဉ်ပေါ်တွင် ပြသထားရှိမည့် မြန်မာမှုရုပ်လုံး ရုပ်ကြွ၊ ပန်းချီ၊ ပန်းပုများ၊ ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်များ၊ ဝန်ကြီးဌာနများ၏ အထင်ကရကြိုးပမ်းလုပ်ဆောင်ချက်များ ပြသရာတွင် ဂုဏ်ပြုယာဉ်များ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ၊ သတ်မှတ်စည်းကမ်းချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များမှ လိုက်နာဆောင်ရွက်ပြီး ဂုဏ်ပြုယာဉ်များ သတ်မှတ်အချိန်မီပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယစစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ခင်မောင်အေးက (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားအတွက် ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ကြီးကြပ်မှုဆပ်ကော်မတီများ၏ လုပ်ငန်းတာဝန်များ၊ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနား အောင်မြင်ရန်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုယာဉ်များ သတ်မှတ်ချက်နှင့်အညီ လှပခံ့ညားအောင် တည်ဆောက်ရန်၊ ယာဉ်များကြံ့ခိုင်မှုရှိစေရေး၊ အန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်အချိန်မီ ပြီးစီးရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် ချေးငွေအကြံပေးအဖွဲ့ အစည်းအဝေးကျင်းပ

**စစ်တွေ နိုဝင်ဘာ ၂၈**

ရခိုင်ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အချိန်စေ့လွန်ကြွေးကျန်များ ကောက်ခံရေး၊ ချေးငွေထုတ်ချေးရေးနှင့် ပတ်သက်၍ ရခိုင်ပြည်နယ် ချေးငွေအကြံပေးအဖွဲ့(၁/၂၀၂၂)အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က နိုင်ငံတော်၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေးစနစ်ဖြစ်သည့်အတွက်ကြောင့် လယ်ယာစိုက်ပျိုးရေးကို စဉ်ဆက်မပြတ် လုပ်ဆောင်နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်များ၊ သွင်းအားစုများ လိုအပ်ပါကြောင်း၊ သွင်းအားစုများသည် စိုက်ပျိုးစရိတ်ချေးငွေဖြင့် ဝယ်ယူရသည့် အတွက်ကြောင့် လယ်သမားများထံသို့ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီထုတ်ချေးပေးနိုင်ရေးကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က လုပ်ဆောင်ပေးလျက်ရှိကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း ချေးငွေများကို သတ်မှတ်ကာလအတွင်း ပေးဆပ်ရန်လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ချေးငွေအကြံပေးအဖွဲ့ဝင်များအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အချိန်စေ့လွန်ကြွေးကျန်များကို ပြန်လည်ကောက်ခံရရှိရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရခိုင်ပြည်နယ်ဘဏ်ခွဲမန်နေဂျာ ဦးဘကျော်တင်နှင့် ချေးငွေအကြံပေးအဖွဲ့ဝင်များက



ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ ဓာတ်ပုံမြင်ကွင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဒေသာကပွဲတွင် ပါဝင်သီဆို ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။ (၂၆-၁၁-၂၀၂၂) ရက်



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပဒေသာကပွဲတွင် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှု။



တေးသံရှင်တစ်ဦး၏ ဖျော်ဖြေတင်ဆက်မှု။



ရုပ်ရှင်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



မွန်ပြည်နယ်မှ စိုးသဘင်မင်းဗိုလ်ဇာတ်အဖွဲ့၏ ကပြဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



တေးသံရှင် မြန်မာပြည်သိန်းတန်နှင့်အဖွဲ့ သီဆိုဖျော်ဖြေကြစဉ်။




၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲတွင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးသည့် ပရိသတ်များကို တွေ့ရစဉ်။










၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲတွင် ရုပ်ရှင်၊ သဘင်နှင့် ဂီတတို့မှ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေ ကပြမှုများကို တွေ့ရစဉ်။

# မြန်မာ့စီးပွားပျက်ကပ်သို့ ဦးတည်စေမည့် အနောက်နိုင်ငံအလိုကျ အကြမ်းဖက် NUG ၏ အနာဂတ်စစ်ပွဲ

ဗစ်တာ(ကေတုမတီ)

**◆ ပြည်သူများအနေဖြင့်လည်း PDF များ၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ပြည်တွင်း၌ပင် ခရီးသွားလာရခက်ခဲခြင်း၊ ပညာသင်ကြားခွင့် ပိတ်ပင်ခံရခြင်း၊ စီးပွားရေးအခွင့်အလမ်းများ ထိခိုက်ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ ထိခိုက်ခံရခြင်း၊ ဆက်သွယ်မှုလိုင်းများ ဖြတ်တောက်ခံရခြင်း၊ လုံခြုံမှုမရှိကြောင်းခံစားရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခ၏ ရိုက်ခတ်မှုတို့က မီးလောင်ရာလေပင့် ဖြစ်စေခဲ့ပါသည်။ PDF များအနေဖြင့် လက်နက်ကိုင်တော်လှန်ခြင်းဟု ခေါင်းစဉ် တပ်ထားသော်လည်း ၎င်းတို့၏မူလရည်မှန်းချက်နှင့် လမ်းစဉ်တို့ လွဲချော်၍ အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာတွင် ရုပ်လုံးပေါ်လာခဲ့ပြီဖြစ်**

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် နယ်ချဲ့တို့လက်အောက်သို့ ကျရောက်စဉ်ကပင် သွေးခွဲအုပ်ချုပ်ခံခဲ့ရသည့်အတွက် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို တိုင်းရင်းသားပြည်သူအားလုံး တွေ့ကြုံခဲ့ရပါသည်။ အဆိုပါ ကိုလိုနီအမွေဆိုးကြီးကြောင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ဖွံ့ဖြိုးမှုများ နှောင့်နှေးခဲ့ရကာ တစ်ချိန်က ဖွံ့ဖြိုးမှုမရှိခဲ့သည့် အိမ်နီးချင်းနိုင်ငံများ နောက်သို့ပင် ရောက်ရှိခဲ့ရပါသည်။

ခေတ်အဆက်ဆက်အစိုးရများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့်သာ အဘက်ဘက်က ပိတ်ဆို့ခံထားရသည့် နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ပြောင်းလဲတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကို အကြောင်းပြုသည့် NUG၊ PDF များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံ့ဒီမိုကရေစီ ရှေ့ဆက်မည့်အရေး အတားအဆီးများဖြစ်ပေါ်လျက်ရှိပါသည်။

အကြမ်းဖက်လုပ်ရပ်ဟူသည် တစ်ကမ္ဘာလုံးက လက်ခံခြင်းမရှိပါ။ သို့သော်လည်း ၎င်းတို့အနေဖြင့် အပြစ်မဲ့အရပ်သားများနှင့် ပြည်သူပိုင်ပစ္စည်း၊ အဆောက်အအုံများကိုသာ ဦးတည်တိုက်ခိုက်နေခြင်းကြောင့် ၎င်းတို့၏မူလရည်ရွယ်ချက်နှင့် လမ်းစဉ်လွဲချော်သွားပြီဖြစ်ကြောင်း အနောက်နိုင်ငံများက သတိထားမိလာခဲ့ပါသည်။ ထို့ကြောင့် ၎င်းတို့အား အစဉ်တစိုက် နည်းပေးလမ်းပြညွှန်ကြားမှုပြုနေသည့် အနောက်နိုင်ငံများက နည်းလမ်းသစ်များကို ရေးဆွဲအကြံပြုလာကြသည်ကိုလည်း တွေ့မြင်ရပါသည်။

## အကြမ်းဖက်လုပ်ရပ်များ မအောင်မြင်သည့်နောက်တွင်

ပြည်သူများအနေဖြင့်လည်း ခေတ်အဆက်ဆက် အနောက်အုပ်စု၏ စီးပွားရေးပိတ်ဆို့ခံရမှုများဒဏ်ကို တွေ့ကြုံခဲ့ရပြီးဖြစ်ပါသည်။ သို့သော်လည်း မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံတစ်ခုဖြစ်သည့်အပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေလုပ်ငန်းများမှ နိုင်ငံခြားဝင်ငွေများရရှိနေသည့်အတွက် ထိုသို့သော ပိတ်ဆို့အရေးယူမှုများက အစိုးရတစ်ရပ်ပြုတ်ကျစေသည်အထိ ဖြစ်နိုင်မည်မဟုတ်ကြောင်းကို အနောက်နိုင်ငံများကလည်း သိရှိထားကြပါသည်။ စီးပွားရေးပိတ်ဆို့ခံရမှုဒဏ်က အနာဂတ်မျိုးဆက်များအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် မည်မျှအထိ ခါးသီးစွာ သက်ရောက်မှုရှိကြောင်းကို ပြည်သူများ အတွေ့အကြုံများရှိနှင့်ပြီး ဖြစ်ပါသည်။ ယခု ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှ အစပြုလာသည့် ပြည်တွင်းမတည်ငြိမ်မှုများ၊ ပြည်ပသွေးထိုးမှုများ၊ NUG၊ PDF အကြမ်းဖက်များ၏ မင်းမဲ့စရိုက်ဆန်ဆန် လုပ်ရပ်များကြောင့် ပြည်တွင်းစီးပွားရေးသို့လည်း များစွာထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

ပြည်သူများအနေဖြင့်လည်း PDF များ၏ အကြမ်းဖက်လုပ်ရပ်ကြောင့် ပြည်တွင်း၌ပင် ခရီးသွားလာရ ခက်ခဲခြင်း၊ ပညာသင်ကြားခွင့်ပိတ်ပင်ခံရခြင်း၊ စီးပွားရေးအခွင့်အလမ်းများ ထိခိုက်ခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများ ထိခိုက်ခံရခြင်း၊ ဆက်သွယ်မှုလိုင်းများ ဖြတ်တောက်ခံရခြင်း၊ လုံခြုံမှုမရှိကြောင်းခံစားရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခ၏ ရိုက်ခတ်မှုတို့က မီးလောင်ရာလေပင့် ဖြစ်စေခဲ့ပါသည်။ PDF များအနေဖြင့် လက်နက်ကိုင်တော်လှန်ခြင်းဟု ခေါင်းစဉ်တပ်ထားသော်လည်း **၎င်းတို့၏မူလရည်မှန်းချက်နှင့် လမ်းစဉ်တို့ လွဲချော်၍ အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာတွင် ရုပ်လုံးပေါ်လာခဲ့ပြီဖြစ်ပါသည်။**

ထို့ကြောင့် အဆိုပါအခြေအနေကို ပြန်လည်ကုစားရန်အတွက် အမေရိကန်အခြေစိုက် အကြံပေးအဖွဲ့တစ်ခုက စီးပွားရေးစစ်ပွဲဟူသည့်ခေါင်းစဉ်ဖြင့် ပြည်ဖျက်အကြမ်းဖက်နည်းလမ်းအသစ်တစ်မျိုးကို ပုံစံရေးဆွဲတင်သွင်းလာခဲ့ပါသည်။ စာတမ်းရေးသားသူသည် အမေရိကန်စစ်တပ်၊ နိုင်ငံခြားရေးဌာနနှင့် အစိုးရအဖွဲ့အကြီးတန်းအရာရှိများ၊ အနာဂတ်ခေါင်းဆောင်များကို အမျိုးသားလုံခြုံရေးမဟာဗျူဟာနှင့်စပ်လျဉ်း၍ မွမ်းမံပို့ချမှုများ ပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ထားသည့် National War College တွင် သင်ကြားပို့ချနေသည့် ပါမောက္ခတစ်ဦးဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံနှင့် တပ်မတော်အစိုးရအပေါ် စီးပွားရေးကဏ္ဍမှ ဖိအားပေးနိုင်ရေး လမ်းကြောင်းပေးရေးသားမှုများကို မကြာခဏ ပြုလုပ်နေသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် ဆွေးနွေးပွဲများ၊ ဟောပြောပွဲပြုလုပ်ကာ အခြားနိုင်ငံတစ်ခုပြည်တွင်းရေးကို ခြယ်လှယ်ရန်အတွက် ဖြောင်ကျကျ ဆွေးနွေးမှုများ ပြုလုပ်နေကြသည်ကိုလည်း တွေ့ရှိရပါသည်။ **အကြမ်းဖက် NUG အဖွဲ့အား စီးပွားရေးစစ်ပွဲဆင်နွှဲရန် လမ်းညွှန်ပြသနေသည့် အဖွဲ့များ ရှိနေသည်ကိုတွေ့ရပြီး NUG သည် အနောက်အုပ်စုအလိုကျ အကြမ်းဖက်လုပ်ရပ်များကို လိုက်ပါလုပ်ဆောင်လျက်ရှိပါသည်။**

အဆိုပါဆွေးနွေးချက်များတွင် တပ်မတော်အစိုးရအနေဖြင့် မည်မျှပင် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရသည်ဖြစ်စေ အားသာချက်များရှိနေကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရ လျင်မြန်စွာပြုတ်ကျရန်မှာ မဖြစ်နိုင်သေးကြောင်း၊ NUG နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ဆက်ဆံရေးသည်လည်း သမိုင်းတစ်လျှောက် မယုံကြည်ရမှုများက အဟန့်အတားဖြစ်ပေါ်စေလျက်ရှိကြောင်း၊ **၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် ရွေးကောက်ပွဲများ ကျင်းပနိုင်ခဲ့ပါက ကမ္ဘာ့နိုင်ငံများ၏ အသိအမှတ်ပြုမှုကို ရရှိသွားမည်ဖြစ်ကြောင်း၊** ထို့အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝင်ငွေအခိုင်အမာ ရရှိနေဆဲဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း သဘာဝဓာတ်ငွေ့ ပို့ကုန်မှ အမေရိကန်ဒေါ်လာ သန်း ၈၀၀ အထိ ရရှိခဲ့ကြောင်း၊ NUG အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ထွက်ခွာသွားစေရန် လုပ်ဆောင်ခဲ့သော်လည်း Total နှင့် Chevron ကုမ္ပဏီများသာ ထွက်ခွာသွားကြောင်း၊ ကျန်နိုင်ငံများအနေဖြင့် ထွက်ခွာခြင်း မရှိကြောင်း၊ တပ်မတော်မှ အာဏာလွှဲပြောင်းရယူမှု မတိုင်မီ မြန်မာနိုင်ငံ၏ နိုင်ငံခြားအရန်ငွေမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၇ ဘီလီယံရှိခဲ့ကြောင်း၊ လက်ရှိတွင် ၆ ဘီလီယံ ခန့်ရှိနေကြောင်း၊ အမေရိကန်ထံတွင်လည်း NLD အစိုးရက တိတ်တဆိတ်အပ်နှံထားသည့် ၁ဒသမ ၁ ဘီလီယံရှိနေကြောင်း၊ NUG သည် အဆိုပါအပ်နှံငွေများကို သုံးစွဲခွင့်ပြုရန်တောင်းဆိုနေကြောင်း၊ **NUG အနေဖြင့် အလှူငွေနှင့် ရန်ပုံငွေများအပေါ် မှီခိုနေရသည်ဖြစ်ရာ နိုင်ငံ့စီးပွားရေးကျဆင်းလာသည်နှင့်အမျှ ရန်ပုံငွေရရှိမှု လျော့နည်းလာကြောင်း၊** သို့သော် စစ်ပွဲ ဆက်လက် ကြာမြင့်နိုင်သေးသည့်အတွက် ပုံမှန်ရန်ပုံငွေရရှိရေး လမ်းကြောင်း လိုအပ်နေကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထိုသို့ ပြောကြားထားမှုအရ အမေရိကန်အနေဖြင့် ၎င်းတို့မတရားသိမ်းပိုက်ထားသည့် မြန်မာနိုင်ငံ၏ အရန်ငွေ ၁ ဒသမ ၁ ဘီလီယံဖြင့် မြန်မာနိုင်ငံအား မတည်မငြိမ်ဖြစ်စေရေး ပြန်လည်အသုံးပြုရန် **ငါးကြင်းဆီဖြင့် ငါးကြင်းကြော်မည့် အကြံအစည်**များဟု ယူဆနိုင်ပါသည်။

ထို့အပြင် NUG အနေဖြင့် အစိုးရ၏ဝင်ငွေရရှိမည့် လမ်းကြောင်းများအား တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က ပိတ်ဆို့အရေးယူမှုများပြုလုပ်ခဲ့သော်လည်း ဗြိတိန်၊ ဩစတြေးလျနှင့် ဂျပန်တို့အပါအဝင် ကျန်နိုင်ငံများက နှုတ်ဆိတ်နေကြောင်း၊ တပ်မတော်၏ဝင်ငွေရလမ်းများနှင့် ဘဏ္ဍာရေးစနစ်တို့ကို ထိခိုက်ခြင်းမရှိသေးကြောင်း၊ သို့သော် **တပ်မတော်ကို ထိခိုက်စေရန်အတွက် စီးပွားရေးပိတ်ဆို့မှုများချမှတ်ခြင်းက နိုင်ငံ့စီးပွားရေးသာ ပြိုလဲပြီး ပြည်သူများသာခံစားရမည်လောဟူသည့် ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေရကြောင်း၊** ယင်းအချက်ကြောင့် ပြင်းထန်သည့်ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်တွန့်ဆုတ်နေရကြောင်း၊ NUG၊ PDF သည် အုပ်ချုပ်ရေးမှူးများနှင့် အုပ်ချုပ်ရေးဝန်ထမ်းများအား ပစ်မှတ်ထားသည့် လုပ်ကြံသတ်ဖြတ်ရေးနည်းလမ်းကို ကျင့်သုံးခဲ့သည်မှာ တစ်နှစ်ကျော်ကြာမြင့်ပြီဖြစ်ကြောင်း၊ သို့ရာတွင် **အုပ်ချုပ်ရေးမှူးများအား ပစ်မှတ်ထားလုပ်ကြံမှုသည် ထိရောက်မှုနည်းပါးလာသည့်အပြင် နိုင်ငံအနေဖြင့် လူမှုဝန်ဆောင်မှုပေးနိုင်စွမ်းကို လျော့ကျစေခဲ့ကြောင်း၊ ထို့ကြောင့် စီးပွားရေးပစ်မှတ်များကို ပစ်မှတ်ထားလုပ်ကြံသွားမည်ဖြစ်ကြောင်း** ဖော်ပြခဲ့ပါသည်။ အခြေခံအဆောက်အအုံပစ်မှတ်အများစုမှာလည်း အများပြည်သူသုံးစွဲနေသည့် တယ်လီဖုန်းတာဝါတိုင်များပင်ဖြစ်ပါသည်။ NUG၊ PDF များ၏ လုပ်ရပ်များသည် ကြွက်မနိုင်ကျီမီးနှင့်ရှို့ဆိုသည့် စကားပုံကဲ့သို့ဖြစ်နေပြီး ၎င်းတို့ တွင်တွင်သုံးနေသော **ပြည်သူ** ဆိုသည့် စကားလုံးမှာ ဟန်ပြမျှသာဖြစ်ကြောင်းတွေ့မြင်ရပါသည်။

**တိုင်းပြည်တစ်ခုတွင် ပင်မစီးပွားရေးထောက်တိုင်များ ပြိုလဲပါက ထိုတိုင်းပြည်၏ ပြည်သူတစ်ရပ်လုံး ဒုက္ခခံစားရပေလိမ့်မည်။** လူတန်းစားအချို့ထံသို့ ကွက်၍ ထိခိုက်စေမည်မဟုတ်ပါ။ ဆင်ပိန်လျှင်ကျွဲလောက်ကျန်နိုင်သေးသော်လည်း အခြေခံလူတန်းစားများမှာ ပိုမိုကျပ်တည်းသွားပေလိမ့်မည်။ သို့သော် လက်နက်ကိုင်ဆူပူအကြမ်းဖက်သည့် နည်းလမ်းဖြင့် Failed State အဖြစ်သို့ မရောက်ရှိနိုင်တော့သည့် အခြေအနေတွင် အနောက်နိုင်ငံများအနေဖြင့် မြန်မာပြည်သူများဒုက္ခရောက်မည်ကို ငဲ့ကွက်ခြင်းမရှိဘဲ နိုင်ငံ့စီးပွားရေးထောက်တိုင်များကို ဖြိုခွင်းကာ ပြည်သူများ ယခုထက်ပိုမိုဆင်းရဲကျပ်တည်းပြီး Failed State အဖြစ်သို့ ရောက်ရှိရန်တွန်းပို့ခြင်းပင်ဖြစ်ပါသည်။ အနောက်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် ၎င်းနည်းလမ်းကို ယခင်ကတည်းက ကျင့်သုံးခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အစိုးရပြုတ်ကျရေးနှင့် NUG သို့မဟုတ် ၎င်းတို့လိုလားသည့် အစိုးရ စင်ပေါ်ရောက်ရေးအတွက် ကိုဗစ်ကပ်ရောဂါ၊ ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခမှ ရိုက်ခတ်မှု၊

*စာမျက်နှာ ၁၁ သို့*

**❖ NUG အနေဖြင့် အလှူငွေနှင့် ရန်ပုံငွေများအပေါ် မှီခိုနေရသည်ဖြစ်ရာ နိုင်ငံ့စီးပွားရေး ကျဆင်းလာသည်နှင့်အမျှ ရန်ပုံငွေရရှိမှု လျော့နည်းလာကြောင်း၊ သို့သော် စစ်ပွဲဆက်လက်ကြာမြင့်နိုင်သေးသည့်အတွက် ပုံမှန်ရန်ပုံငွေရရှိရေးလမ်းကြောင်း လိုအပ်နေ**

# ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးဆပ်ခွင့်ရခဲ့တယ်။ အခုလိုနိုင်ငံတော်က အသိအမှတ်ပြု ချီးမြှင့်မှုအပေါ် အားကစားသမားဟောင်းကြီးတွေရဲ့ ရင်ထဲနှလုံးသားထဲမှာ စွဲမြဲထင်ကျန်နေမှာပါ။

ဦးနန္ဒကျော်စွာ (ရေကူး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် အမိန့်ကြော်ငြာစာ အမှတ် ၂၁၁/၂၀၂၂ ဖြင့် နယ်ပယ်အသီးသီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့သည်။

ထိုသို့ချီးမြှင့်ခဲ့ရာတွင် တစ်ချိန်က မြန်မာ့အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသော မြန်မာ့အားကစားသမားဟောင်းကြီးများကို နိုင်ငံတော်အနေဖြင့် မမေ့မလျော့သောအားဖြင့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်ခဲ့ရာ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများ ဘဝတစ်လျှောက်တွင် မျှော်လင့်စောင့်စားခဲ့ကြသည့် ဆုတံဆိပ်များကို ရရှိခဲ့ကြမှုအပေါ် လက်ရွေးစင်အားကစားသမား ဟောင်းကြီးများ၏ ရင်တွင်း ပီတိစကားသံတို့ကို စုစည်းဖော်ပြအပ်ပါသည်။



ဦးနန္ဒကျော်စွာ (ရေကူး )



ဒေါ်ဝင်းချိုစန်း(သေနတ်ပစ်)



ဦးစိုးသိန်း(ဘော်လီဘော)



ဦးအုံးရှိန်(ဘော်လီဘော)

**ဦးနန္ဒကျော်စွာ (ရေကူး)**
**လူမှုထူးချွန် (ဒုတိယဆင့်)**

အခုလိုအားကစားသမားဟောင်းတွေကို လျစ်လျူရှုမထားဘဲ ဂုဏ်ပြုချီးမြှင့်မှုအပေါ် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ခေတ်က ဘာမျှော်လင့်ချက်မှ မရှိဘဲ နိုင်ငံတော်အတွက် ကစားခဲ့ကြတာပါ။ နိုင်ငံတော်အလံတိုင်ထိပ်ရောက်တယ်ဆိုရင် ဝမ်းသာပီတိ အတိုင်းမသိဖြစ်ရတာပါ။ ပြိုင်ပွဲတွေမှာ မြန်မာကနိုင်လို့ တိုင်ထိပ်မှာ မြန်မာနိုင်ငံရဲ့ အလံကို လွှင့်ထူထားတယ်ဆိုရင် နိုင်ငံတော်အကြီးအကဲနဲ့ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံများရဲ့ ကိုယ်စားလှယ်များဟာ နိုင်ငံတော်ရဲ့ အလံကို ဦးညွတ်ရတဲ့အတွက် အဲဒီလိုဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြတဲ့ အားကစားသမား ဟောင်းတွေကို နိုင်ငံတော်က ပြန်လည်ကြည့်ရှု အသိအမှတ်ပြုပြီး ဆုတံဆိပ်တွေ ချီးမြှင့်မှုဟာ ပြောမပြတတ်အောင် ဝမ်းသာဂုဏ်ယူပီတိဖြစ်ရပါတယ်။ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ရလို့ အလံတော်ကို အားကစားမှာပါဝင်တဲ့နိုင်ငံတွေက ဂုဏ်ပြုအလေးပြုတဲ့အခါမှာ အားကစားသမားတစ်ယောက် အနေနဲ့ ဖော်မပြတတ်အောင် ရင်ထဲအသည်းထဲမှာ ဝမ်းသာပီတိ ခံစားရပါတယ်။ အဲဒီလိုခံစားမှုမျိုးဟာ ကာယကံရှင်ကလွဲပြီး အခြားသူများ ပြည့်ပြည့်ဝဝ ခံစားလို့ရမှာ မဟုတ်တဲ့အတွက် ဝမ်းသာပီတိကြောင့် ကျတဲ့မျက်ရည်ဟာ ဘယ်လိုမှ ရှင်းပြလို့ မရတာအမှန်ပါ။

မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့(၅)ကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲ ရေကူးပြိုင်ပွဲမှာ ရွှေတံဆိပ် သုံးဆုရခဲ့ပါတယ်။ တိုင်းပြည်အတွက် အားကစားကဏ္ဍကနေ ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အတွက် နိုင်ငံတော်ကိုကျေးဇူးဆပ်ခွင့်ရခဲ့တယ်။ အခုလိုနိုင်ငံတော်က အသိအမှတ်ပြု ချီးမြှင့်မှုအပေါ် အားကစားသမားဟောင်းကြီးတွေရဲ့ ရင်ထဲနှလုံးသားထဲမှာ စွဲမြဲထင်ကျန်နေမှာပါ။

**ဒေါ်ဝင်းချိုစန်း ( သေနတ်ပစ် )**
**လူမှုထူးချွန် (ဒုတိယဆင့်)**

မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ (၂၁) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ရွှေနှစ်ခုရရှိခဲ့ပြီးတော့ ဗီယက်နမ်နိုင်ငံမှာ ကျင်းပတဲ့ (၂၂)ကြိမ်မြောက်ပြိုင်ပွဲမှာ ကြေးနှစ်ခု ရရှိခဲ့ပါတယ်။ အခုလိုဆုမျိုးကို လက်ရွေးစင်အားကစားသမားဘဝမှာ ရွှေနှစ်ခုရစဉ်ကတည်းက မျှော်လင့်ခဲ့တာပါ။ အခုလို မထင်မှတ်ဘဲနိုင်ငံတော်က အသိအမှတ်ပြုချီးမြှင့်တာကို ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ အဖွဲ့အစည်း အသီးသီးအားလုံးကို ကျေးဇူးတင်ပါတယ်။ လက်ရှိမျိုးဆက်သစ်အားကစားသမားများ အနေနဲ့လည်း ဆက်လက်ပြီး နိုင်ငံ့ဂုဏ်ဆောင်အဖြစ်များစွာပေါ်ထွန်းလာအောင် ကြိုးစားသွားစေချင်ပါတယ်။ အမိနိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာကနေ အောင်မြင်အောင် စွမ်းဆောင်နိုင်သူ များစွာပေါ်ထွန်းပါစေလို့ ဆုတောင်းပါတယ်။

**ဦးစိုးသိန်း (ဘော်လီဘော)**
**လူမှုထူးချွန် (တတိယဆင့်)**

နှစ်ပေါင်း ၅၀ အတွင်းမှာ အခုလိုဆုတံဆိပ်ရလိမ့်မယ်လို့ လုံးဝမမျှော်မှန်းခဲ့ပါဘူး။ ဒီတစ်ခါမှာ နိုင်ငံတော်က အားကစားသမားဟောင်းတွေကို ပစ်မထားဘဲ ထူးချွန်ဆုတွေကို ချီးမြှင့်တဲ့အတွက် ပြောမပြတတ်အောင်ဝမ်းသာပါတယ်။ မျိုးဆက်သစ်အားကစားသမားတွေလည်း ကျွန်တော်တို့လိုအရွယ်ရောက်လာချိန်မှာ စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၀ မှ

ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုနှင့် အကြမ်းဖက်မှုများဒဏ်ကို ခံစားနေကြရသည့် **ပြည်သူများအား ပိုမိုနက်ရှိုင်းသည့်ဆင်းရဲတွင်းသို့ ပို့ဆောင်ပြီး ၎င်းတို့၏ ရည်မှန်းချက်ကို ဖြည့်ဆည်းရန် ကြံစည်လာခြင်း** ဖြစ်ပါသည်။ အခြေခံလူတန်းစား ပြည်သူများအနေဖြင့် မြေစာပင်ဘဝသို့ ရောက်မှန်းမသိ ရောက်ကြရပေဦးမည်။

**နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာစွမ်းဆောင်မှုများ**

နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်သည် ယင်းနိုင်ငံလူဦးရေ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများဖြစ်ပါသည်။ မျက်မှောက်ကာလ စီးပွားရေးတိုးတက်မှုတွင် လူ့စွမ်းအားအရင်းအမြစ်တည်ရှိမှုသည် အရေးပါလှပေသည်။ နိုင်ငံတော်အနေဖြင့် ယနေ့ အချိန်တွင် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးဦးတည်ချက် ၃ ရပ် ချမှတ်၍ အမျိုးသားစွမ်းအား (National Power) တည်ဆောက်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိပါသည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံတော်က နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲ၍ ကဏ္ဍအလိုက်၊ ဒေသအလိုက် ဘက်ညီဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သို့သော် နိုင်ငံတော်၏အခြေခံအဆောက်အအုံ သုံးမျိုးဖြစ်သည့် ဆက်သွယ်မှုအခြေခံအဆောက်အအုံ၊ လူမှုရေးအခြေခံ အဆောက်အအုံနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးအဆောက်အအုံများအပေါ် အကြမ်းဖက်တိုက်ခိုက် ခံရမှုများကြောင့် တိုးတက်မှုများ နှေးကွေးနေခဲ့ရပါသည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတော်တည်ဆောက်ရာတွင် ခေတ်အဆက်ဆက် ပြည်ပချေးငွေများရယူကာ နိုင်ငံ့စီးပွားရေးအတွက် အရင်းအနှီးများ မတည်ခဲ့ရပါသည်။ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်တွင်းမှ ပြည်ပသို့ ဒေါ်လာစီးထွက်နိုင်မည့်လမ်းကြောင်းများကို ထိန်းချုပ်နိုင်ခဲ့ပြီး နိုင်ငံ့စီးပွားရေးကျဆင်းမှုကို ထိန်းထားနိုင်ခဲ့ပါသည်။ ပြည်ပမှ ချေးငွေရယူခဲ့ခြင်းမရှိဘဲ ပြည်ပချေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉၅ ဘီလီယံကိုပင် ပြန်လည်ပေးဆပ်နိုင်ခဲ့ပါသည်။ ကုန်သွယ်ရေးကဏ္ဍအား ကြည့်ရှုမည်ဆိုပါကလည်း ၂၀၁၅ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ ၁၂ ဒသမ ၀၉ ဘီလီယံ၊ ၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ ၅ ဒသမ ၂၅ ဘီလီယံ၊ ၂၀၂၀ ပြည့်နှစ်တွင် ကုန်သွယ်မှုလိုငွေ ၁၂ ဒသမ ၅၁ ဘီလီယံရှိခဲ့သော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလအတွင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ ကုန်သွယ်မှုပိုငွေ ၀ ဒသမ ၆၇ ဘီလီယံ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ (ယာယီ) ကုန်သွယ်မှုပိုငွေ ၀ ဒသမ ၀၆၅ ဘီလီယံရှိခဲ့သည့်အတွက် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများနှင့် ပြည်တွင်း မတည်ငြိမ်မှုများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းနေမှုကို အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့ကြောင်း တွေ့မြင်နိုင်ပါသည်။

**နိဂုံး**

NUG၊ PDF အကြမ်းဖက်များ၏ အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအပေါ် လုပ်ကြံသတ်ဖြတ်မှု၊ နိုင်ငံ့အခြေခံ အဆောက်အအုံများအား ဖျက်ဆီးမှုတို့သည် မည်သို့မျှ လက်ခံနိုင်ဖွယ်မရှိသော လုပ်ရပ်များဖြစ်ပါသည်။ ယခုပုံစံသစ်ဖြင့် ရေးဆွဲဖော်ပြလာသည့် စီးပွားရေးစစ်ပွဲဟူသည် NUG ၏ အကြမ်းဖက်လုပ်ရပ်များကို ပြည်သူများက ရွံရှာစက်ဆုပ်ကျင်လာကြသည့်အတွက် အမည်ပြောင်းလဲ တံဆိပ်ကပ်ထားသော အကြမ်းဖက်မှုအားပေးသည့် လက်ကမ်းစာစောင်တစ်ခုသာ ဖြစ်လာပါသည်။

မည်သို့ပင်စကားလုံးအလှအပများဖြင့် လှည့်ဖြားထားသည်ဖြစ်စေ နိုင်ငံ့စီးပွားရေး အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် အနာဂတ်တို့ကို ထိပါးခြင်းသာဖြစ်ပါသည်။ NUG၊ PDF များအနေဖြင့် အနောက်နိုင်ငံများမှ လမ်းခင်းပေးသည့် အဆိုပါ မဟာဗျူဟာသစ်အတိုင်း ကျင့်သုံးလာပါက ကပ်ရောဂါ၊ ကမ္ဘာ့စီးပွားရေးနှင့် ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုများမှ ပြန်လည်တည်ငြိမ်ကာစ နိုင်ငံ့စီးပွားရေးအခြေအနေကို ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပြီး စီးပွားရေးနှင့် ဆက်နွှယ်နေသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများသို့ပါ ဂယက်ရိုက်ခတ်လာနိုင်သည့်အတွက် ၎င်းအခြေအနေကို အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူတစ်ရပ်လုံး သတိပြုနိုင်ရေးအတွက် ရေးသားတင်ပြလိုက်ရပါသည်။

> ● အစိုးရပြုတ်ကျရေးနှင့် NUG သို့မဟုတ် ၎င်းတို့လိုလားသည့် အစိုးရ စင်ပေါ်ရောက်ရေးအတွက် ကိုဗစ်ကပ်ရောဂါ၊ ရုရှား-ယူကရိန်း စစ်ရေးပဋိပက္ခမှ ရိုက်ခတ်မှု၊ ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုနှင့် အကြမ်းဖက်မှုများဒဏ်ကို ခံစားနေကြရသည့် ပြည်သူများအား ပိုမိုနက်ရှိုင်းသည့်ဆင်းရဲတွင်းသို့ ပို့ဆောင်ပြီး ၎င်းတို့၏ရည်မှန်းချက်ကို ဖြည့်ဆည်းရန် ကြံစည်လာခြင်း ဖြစ်ပါသည်။ အခြေခံလူတန်းစား ပြည်သူများအနေဖြင့် မြေစာပင်ဘဝသို့ ရောက်မှန်းမသိ ရောက်ကြရပေဦးမည်

# ရွှေစည်းခုံစေတီတော် အလင်းမီးပူဇော်ခြင်း၊ ချူအင်လိုင်းတန်ဆောင်းတွင် LED Screen လှူဒါန်းခြင်း ဖွင့်ပွဲကျင်းပ





**ပုဂံ နိုဝင်ဘာ ၂၈**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ လှူဒါန်းသည့် ရွှေစည်းခုံစေတီတော် အလင်းမီးပူဇော်ခြင်းနှင့် ချူအင်လိုင်းတန်ဆောင်း LED Screen Board တပ်ဆင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Chen Chen၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း Senior President ဦးသစ္စာနှင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပုဂံညောင်ဦးဒေသ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ချစ်ကြည်ရေးခရီးစဉ် ကိုးကြိမ်တိုင်တိုင်လာရောက်**

အခမ်းအနား၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ချူအင်လိုင်းတန်ဆောင်းသည် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အစဉ်အလာကောင်း၏ ပြယုဂ်တစ်ခုဖြစ်ပါကြောင်း၊ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးသည် ရင်းနှီးမှုနှင့် နီးကပ်မှုအတွက် သက်ရောက်စေသည့် အသုံးအနှုန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ခင်မင်ရင်းနှီးမှုသည် ၁၉၆၁ ခုနှစ်က တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း၏ ရွှေစည်းခုံဘုရားတွင် ယခု တန်ဆောင်းတည်ဆောက်ရန် လှူဒါန်းပြီးနောက်ပိုင်းတွင် ပိုမိုခိုင်မြဲလာပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်းသည် မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီးစဉ် ကိုးကြိမ်တိုင်တိုင် လာရောက်ခဲ့သည်ဟုလည်းသိရှိရပြီး ဝန်ကြီးချုပ် ချူအင်လိုင်း၏ မြန်မာနိုင်ငံ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ လာရောက်လည်ပတ်ခြင်း နှစ်ပတ်လည်အခမ်းအနားများကို ဤချူအင်လိုင်း တန်ဆောင်းတွင်ပင် ကျင်းပပြုလုပ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ချူအင်လိုင်း တန်ဆောင်းတွင် ဘုရားဖူးဧည့်သည်များ နားခိုနေနိုင်ခြင်းအပြင် ရွှေစည်းခုံစေတီတော်ကြီး၏ သမိုင်းကြောင်း အချက်အလက်များ၊ စေတီပုထိုးများ၊ မြန်မာမှု အနုလက်ရာများ၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသ၏ ရှုခင်းအလှအပများကို ကြည့်ရှုနိုင်စေရန်အတွက် LED Board နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်လှူဒါန်းခြင်း၊ LED မီးဆလိုက်များ တပ်ဆင်လှူဒါန်းခြင်းတို့နှင့် မြန်မာတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင်ပါ ပံ့ပိုးကူညီပေးမှုတို့အတွက် မြန်မာနိုင်ငံအစိုးရ ကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**လှူဒါန်းခဲ့မှုအပေါ် ဝမ်းမြောက်စကားပြောကြား**

ဆက်လက်၍ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Chen Chen က ရွှေစည်းခုံစေတီတော် အလင်းမီးပူဇော်ခြင်းနှင့် ချူအင်လိုင်းတန်ဆောင်း LED Screen Board တပ်ဆင်ခြင်း လှူဒါန်းခဲ့မှုအပေါ် ဝမ်းမြောက်စကားပြောကြားခဲ့ပြီး ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးကျော်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်သို့ ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခြင်း၊ ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသို့ ဂုဏ်ပြုမှတ်တမ်း ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ပရဟိတဂေဟာများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ မသန်စွမ်းသူမှတ်ပုံတင်လက်မှတ်နှင့် ထောက်ပံ့ကြေးပေးအပ်ခြင်းများ ဆောင်ရွက်

**တောင်ကြီး နိုဝင်ဘာ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးဆောင်သော တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ အခြေစိုက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ပရဟိတဂေဟာများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။**(အပေါ်ယာပုံ)**



**ပရဟိတလုပ်ငန်းများရှင်းလင်း**

ထိုသို့ တွေ့ဆုံစဉ် တက်ရောက်လာသည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့အစည်းအလိုက် ဆောင်ရွက်လျက်ရှိသော ပရဟိတလုပ်ငန်းများကို ရှင်းလင်းခြင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် လိုအပ်ချက် အခက်အခဲများကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

**ကလေးသူငယ်များဖွံ့ဖြိုးရေး**

နိုဝင်ဘာ ၂၇ ရက်တွင် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သောတာဝန်ရှိသူများသည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ရှိ နောင်တောင်းပရဟိတ တပ်ဦးကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တ ရာဇိန္ဒသီရိအား ဖူးမြော်ကြည်ညိုကာ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များအား လျှောက်ထား သက်နှင်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်ရှိ ပညာသင်ယူ လျက်ရှိသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးခဲ့ကြသည်။

**ထောက်ပံ့ကြေးပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော မသန်စွမ်းသူများ မှတ်ပုံတင်လက်မှတ်နှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က တက်ရောက်လာသည့် မသန်စွမ်းသူများအတွက် မသန်စွမ်းမှတ်ပုံတင်လက်မှတ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဟိုပုံးမြို့နယ်အတွင်းရှိ မသန်စွမ်းသူ စုစုပေါင်း ၁၀၀ အတွက် ထောက်ပံ့ကြေးငွေ ငွေကျပ် ၃၀၀၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**တွေ့ဆုံအားပေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်အတူ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ သူငယ်တော်ယေဖူး ပရဟိတကျောင်းသို့ ရောက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ဒုတိယအဆင့်ဖြစ်သည့် ပရဟိတကျောင်းအတွင်း စားသောက်နေထိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ ကလေးသူငယ်များအား တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

နိုင်ငံတော်က ချီးမြှင့်တဲ့ဆုတွေ ရရှိအောင် အခုကတည်းက ကြိုးစားအားထုတ်သင့်တယ်လို့ ပြောလိုပါတယ်။ ခေတ်အဆက်ဆက်မှာ ကျွန်တော်တို့ကို ထူးထူးခြားခြား ဂုဏ်ပြုခံရတဲ့အဆင့် မရှိခဲ့ဘူး။ အခုလိုအသိအမှတ်ပြု ဂုဏ်ပြုခံရတာကို ကျွန်တော့်လိုပဲ အားကစားသမားဟောင်းတွေအားလုံး ဝမ်းသာပီတိဖြစ်ပြီး ဂုဏ်ယူနေကြပါတယ်။

ကျွန်တော့်နိုင်ငံအတွက် ဘော်လီဘောအားကစားနဲ့ ရွှေ နှစ်ခု၊ ငွေ တစ်ခုရခဲ့ပါတယ်။ ပထမဆုံးရွှေတံဆိပ်က မြန်မာပြည်မှာ ကျင်းပတဲ့ (၅) ကြိမ်မြောက် ကျွန်းဆွယ်ပြိုင်ပွဲမှာပါ။ ဒုတိယ ရွှေတံဆိပ်က ၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ (၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာရရှိခဲ့ပြီးတော့ ငွေတံဆိပ်ကို ၁၉၇၃ ခုနှစ် မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ပွဲမှာ ရခဲ့ပါတယ်။ နောက်ပိုင်းနည်းပြဆရာအဖြစ် နှစ်ပေါင်း ၂၀ ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံ့ဘော်လီဘော လက်ရွေးစင်အသင်းကိုလည်း ရွှေ၊ ငွေ၊ ကြေးတံဆိပ်တွေရအောင် နည်းပြတစ်ယောက်အနေနဲ့ စွမ်းဆောင်ပေးခဲ့ပါတယ်။ နိုင်ငံတော်က ရွှေ၊ ငွေနဲ့ ကြေးဆုတံဆိပ်ရရှိခဲ့တဲ့ အားကစားသမားတွေကို လစဉ်ထောက်ပံ့နေမှုကိုလည်း ဝမ်းသာရပါတယ်။ အခုလိုနိုင်ငံတော်က အသိအမှတ်ပြုပြီး လူမှုထူးချွန်တံဆိပ်ချီးမြှင့်ခံရမှုအပေါ် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

**ဦးအုံးရှိန် ( ဘော်လီဘော)**
**လူမှုထူးချွန် (တတိယဆင့်)**

ဒီဆုတံဆိပ်ကတော့ ရသင့်တဲ့သူတွေရတယ်လို့ ထင်ပါတယ်။ အဘတို့ ဝန်ထမ်းဘဝကတည်းက ဒီဆုကိုမျှော်မှန်းခဲ့တာပါ။ သို့သော်လည်း ပင်စင်သွားပြီးတဲ့နောက်ပိုင်း အနှစ် ၂၀ကျော်မှာ ဒီဆုကိုရခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ချီးမြှင့်ထိုက်တဲ့သူကို ချီးမြှင့်တဲ့အတွက် ဂုဏ်ယူရပါတယ်။

မြန်မာ့ဘော်လီဘော လက်ရွေးစင်အသင်းမှာ ၁၀ နှစ်ကျော် ကစားခဲ့တယ်။ အဲဒီ ၁၀ နှစ် အတွင်းမှာ ရွှေ သုံးခု၊ ငွေတစ်ခုနဲ့ နိုင်ငံတော်အလံရဲ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့တယ်။ ကစားသမားဘဝ ပြီးဆုံးလို့ နည်းပြဘဝကို ရောက်တဲ့အခါမှာ အားကစားသမားတွေကို လက်ရွေးစင်အဆင့်ရောက်အောင် မွေးထုတ်ပေးနိုင်ခဲ့တယ်။ ၁၉၆၉ ခုနှစ်က မြန်မာပြည်မှာ ကျင်းပတဲ့ ကျွန်းဆွယ်ပြိုင်ပွဲမှာ ရွှေတစ်ခု စပြီးရတယ်။ ၁၉၇၅ ခုနှစ် ထိုင်းနိုင်ငံမှာ ကျင်းပခဲ့တဲ့ပြိုင်ပွဲမှာ အင်ပါယာ ရွှေ တစ်ခု ရခဲ့တယ်။ ၁၉၇၃ ခုနှစ် မှာလည်း မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ပွဲမှာ ငွေတံဆိပ် တစ်ခုရခဲ့တယ်။ ၁၉၇၇ ခုနှစ် မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ပွဲမှာလည်း ရွှေ တစ်ခုရခဲ့တယ်။ ရွှေတံဆိပ်ရရှိတဲ့အခါမှာ နိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသီဆိုခဲ့ရတဲ့ ဝမ်းသာပီတိခံစားမှုဟာ ဘာနဲ့မှ နှိုင်းယှဉ်လို့ မရပါဘူး။ အဲဒီလို စွမ်းဆောင်နိုင်ခဲ့တဲ့ အားကစားသမား ဟောင်းကြီးတွေကို အခုလို နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်တဲ့အတွက် အတိုင်းထက်အလွန် ဝမ်းမြောက်ဂုဏ်ယူပါတယ်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သန့်ရှင်းသာယာလှပရေး တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြစေလို

နေပြည်တော် နိုဝင်ဘာ ၂၈

**နေပြည်တော်ကောင်စီနယ်မြေ သန့်ရှင်းသာယာလှပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။**



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က နေပြည်တော်ကောင်စီနယ်မြေ သန့်ရှင်းသာယာလှပရေးအတွက် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် လမ်းညွှန်မှာကြားချက်များ အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ မိမိမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ကျူးကျော်အိမ်ရာများ မရှိစေရေး၊ လယ်ယာမြေများပေါ်တွင် အခြားနည်းသုံးစွဲ၍ လုပ်ငန်းများ ဆောင်ရွက်ခွင့် မပြုစေရေး၊ ဝန်ထမ်းအိမ်ရာများနှင့် နေအိမ်များအတွင်း အမှိုက်များမရှိစေရေး၊ မြို့တော်အင်္ဂါရပ်နှင့်အညီ ကောင်းမွန်အောင် အလေးထားဆောင်ရွက်နိုင်စေရေး၊ လမ်းတံတားများ ပျက်စီးမှုရှိပါက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်နိုင်ရေး စသည့်ကိစ္စရပ်များကို တက်ရောက်လာကြသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများက နေပြည်တော်ကောင်စီနယ်မြေ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်၍ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်ဒေသ၌ လျှပ်စစ်ဓာတ်အား ၂၂ မဂ္ဂါဝပ်ထွက်ရှိနိုင်သော ရေအားလျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီး မဂ္ဂါဝပ် ရာချီသောစက်ရုံများ တည်ဆောက်နိုင်ရန်အတွက်လည်း စတင်ဆောင်ရွက်လျက်ရှိ

**ထားဝယ် နိုဝင်ဘာ ၂၈**

ထားဝယ်ဒေသ၌ မကြာခင်ကာလအတွင်း လျှပ်စစ်ဓာတ်အား ၂၂ မဂ္ဂါဝပ် ထွက်ရှိနိုင်သော ရေအားလျှပ်စစ်ဓာတ်အား ထုတ်လွှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်းနှင့် မဂ္ဂါဝပ်အများဆုံး ရာချီသောစက်ရုံများ တည်ဆောက်နိုင်ရန်အတွက် စတင်ဆောင်ရွက်လျက်ရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အသိပေးပြောကြားလိုက်သည်။



တနင်္သာရီ တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အစည်းအဝေး (၁/၂၀၂၂) တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ပြီး MSME နှင့်ပတ်သက်ပြီး တိုင်းဒေသကြီးတွင် အလိုအပ်ဆုံးအရာသည် လျှပ်စစ်ဓာတ်အားဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းသက်သာစွာ ရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထားဝယ်နှင့် မြိတ်ဒေသများတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးပေးနိုင်အောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ မဟာဓာတ်အားလိုင်း ရရှိမည်ဆိုပါက တိုင်းဒေသကြီးအတွင်း MSME လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် တိုင်းဒေသကြီးအတွင်း ရော်ဘာ/ဆီအုန်းအခြေခံများရှိပြီး လျှပ်စစ်ဓာတ်အား မလုံလောက်သောကြောင့် စားအုန်းဆီအနေဖြင့် ဒေသအတွင်း ဆီကြမ်းအဖြစ်သာ အများဆုံး ထွက်ရှိသည်ကို တွေ့ရကြောင်း၊ လျှပ်စစ်ဓာတ်အား ရရှိမည်ဆိုပါက ဆီချောစက်ရုံများ တည်ဆောက်လာနိုင်မည် ဖြစ်ပြီး ဒေသအတွင်း ဆီဖူလုံမှုများ ရှိလာနိုင်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ရှိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ တွဲဖက် အတွင်းရေးမှူးနှင့် ကော်မတီဝင်များက တိုင်းဒေသကြီး MSME အေဂျင်စီ လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

ယင်း အစည်းအဝေးအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သူနာပြုသင်တန်းကျောင်း (ထားဝယ်) သို့ သွားရောက်၍ ကျောင်းအတွင်းရှိ အဆောင်များ၌ နေရာထိုင်ခင်း၊ စားသောက်ခန်း၊ မီးဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်း၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်း သင်တန်းကျောင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်သွားမည်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံနိုင်ငံများစစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၄) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် (၂၁) ကြိမ်မြောက် အထွေထွေညီလာခံသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၈**

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၄) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် (၂၁) ကြိမ်မြောက် အထွေထွေညီလာခံအား အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး၍ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် နိုဝင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဗိုလ်ချုပ်ငွေသိန်း (အငြိမ်းစား) ဦးဆောင်သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်တွင် ကျင်းပသော အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ VECONAC ၏ (၃၄) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည်။ အဆိုပါ အစည်းအဝေးသို့ VECONAC အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် (၂၁) ကြိမ်မြောက် အထွေထွေညီလာခံသို့ တင်သွင်းမည့် ဆုံးဖြတ်ချက် ၁၀ ခုကို ပြန်လည်သုံးသပ်ခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပသော (၂၁) ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည်။ (၂၁) ကြိမ်မြောက် အထွေထွေညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ H.E. GENERAL PRAYUT CHAN–O–CHA (Prime Minister and Minister of Defence, Chairman of the Veterans Council) က တက်ရောက်ဖွင့်လှစ်ပေးပြီး VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံမှ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့သော ဆုံးဖြတ်ချက် ၁၀ ခုကို အဆိုပါ အထွေထွေ ညီလာခံ၌ အတည်ပြု၍ VECONAC အဖွဲ့ဝင် ၁၀ နိုင်ငံက ပူးတွဲကြေညာချက်တွင် လက်မှတ်ရေးထိုးမှတ်တမ်းတင်ခဲ့သည်။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၅ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## အင်ဒိုနီးရှားနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျပြီး တစ်ဦးသေဆုံး၊ သုံးဦး ပျောက်ဆုံးနေ

ဂျကာတာ နိုဝင်ဘာ ၂၈

အင်ဒိုနီးရှားရဲတပ်ဖွဲ့အသုံးပြုသော ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံအနောက်ပိုင်း ဘန်ကာဘီလီတန်ကျွန်းပြည်နယ်ရှိ ရေပြင်တွင် ပျက်ကျမှုဖြစ်ပွားပြီးနောက် ရဟတ်ယာဉ်ပေါ်ပါ အမှုထမ်းတစ်ဦး သေဆုံးကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ရဟတ်ယာဉ်ပေါ်၌ အမှုထမ်းလေးဦး လိုက်ပါလာပြီး လေးဦးစလုံးမှာ ရဲဝန်ထမ်းများဖြစ်ကာ နိုဝင်ဘာ ၂၇ ရက်တွင် အရှေ့ဘီလီတန်ခရိုင်ရှိ မန်းဂါရေပြင်သို့ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်ဌာနနှင့် ပြည်နယ်၏ ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့အကြီးအကဲဖြစ်သူ အက်စ်ဝင်း က ပြောသည်။

လေယာဉ်အမှုထမ်းတစ်ဦး၏ ရုပ်အလောင်းကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက မန်းဂါရေပြင်၌ တွေ့ရှိခဲ့ကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ယူဆွတ် လာတီဖ်က ဆင်ဟွာသို့ ဖုန်းဖြင့် ပြောသည်။ ထို့ပြင် ရဟတ်ယာဉ်ပျက်ကျမှုအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းတွင် စတင်လုပ်ဆောင်ခဲ့ကြောင်းနှင့် အခြားသုံးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ရဟတ်ယာဉ်သည် အလယ်ပိုင်း ကာလီမန်တန်ပြည်နယ်ရှိ လေဆိပ်တစ်ခုမှ ဘန်ကာဘီလီတန်ကျွန်းပြည်နယ်သို့ ဦးတည်ထွက်ခွာလာခြင်းဖြစ်ကြောင်း ယူဆွတ် လာတီဖ် က ပြောသည်။ **ဆင်ဟွာ**



## ကင်မရွန်းနိုင်ငံ၌ မြေပြိုမှုဖြစ်ပွား ၁၄ ဦး သေဆုံး

ယောင်အွန်ဒေး နိုဝင်ဘာ ၂၈

ကင်မရွန်းနိုင်ငံမြို့တော်၌ နိုဝင်ဘာ ၂၇ ရက်က စျာပနတစ်ခုအတွင်း မြေပြိုမှုဖြစ်ပွားရာ ၁၄ ဦးထက်မနည်းသေဆုံးကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

မြေပြိုမှုအတွင်း ပျောပါသွားသည့် အခြားသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး နာဆာရီ ပေါလ်ဘေးက သတင်းထောက်များကို ပြောကြားသည်။ မြေပြိုမှုဖြစ်ပွားသည့် ယောင်အွန်ဒေးမြို့ ဒါမတ်စ်ရပ်ကွက်သည် အလွန်အန္တရာယ်များသည့်နေရာဖြစ်ကြောင်း ဘေးက နိုင်ငံပိုင်ရုပ်သံဖြစ်သည့် စီအာတီဗွီသို့ ပြောကြားသည်။

ယောင်အွန်ဒေးမြို့သည် မတ်စောက်သောတောင်ကုန်းများစွာဖြင့် အာဖရိကတွင် အစိုစွတ်ဆုံးမြို့ထဲမှ တစ်မြို့ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းပြီး ကြီးမားသည့် ရေကြီးမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## မွန်ဂိုလီးယားနိုင်ငံမြို့တော်၌ ရာသီဥတုအလွန်အေးသည့်အတွက် ကျောင်းများကို အွန်လိုင်းဖြင့် သင်ကြားရန် အစိုးရက တိုက်တွန်း

အူလန်ဘာတော နိုဝင်ဘာ ၂၈

မွန်ဂိုလီးယားနိုင်ငံ မြို့တော် အူလန်ဘာတော အစိုးရက နှင်းထူထပ်စွာကျခြင်းနှင့် နှင်းမုန်တိုင်းများကြောင့် အလွန်အေးသည့်အတွက် မြို့တော်ရှိ သူငယ်တန်း၊ ကျောင်းများနှင့် တက္ကသိုလ်များကို အွန်လိုင်းဖြင့် သင်ကြားရန် နိုဝင်ဘာ ၂၈ ရက်တွင် တိုက်တွန်းထားသည်။



မွန်ဂိုလီးယားနိုင်ငံရှိ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

နိုဝင်ဘာ ၂၈ ရက် နေ့လယ်အထိ နိုင်ငံ၏အရှေ့ပိုင်း၊ အနောက်ပိုင်းနှင့် အလယ်ပိုင်း ဒေသများတွင် နှင်းကျခြင်းနှင့် နှင်းမုန်တိုင်းများ ဖြစ်ပေါ်သဖြင့် အပူချိန် အနုတ် ၂၅ ဒီဂရီစင်တီဂရိတ်ကျော် ရှိကြောင်း အမျိုးသားမိုးလေဝသနှင့်သဘာဝပတ်ဝန်းကျင် စောင့်ကြည့်ရေးအေဂျင်စီက ထုတ်ပြန်ထားသည်။ နိုင်ငံ၏ဒေသအများအပြားတွင် နိုဝင်ဘာ ၂၈ ရက်မှ သီတင်းပတ် တစ်ပတ်အထိ ညအပူချိန် အနုတ် ၃၉ ဒီဂရီစင်တီဂရိတ်မှ ၄၇ ဒီဂရီစင်တီဂရိတ်အထိ ရှိရန် ခန့်မှန်းထားကြောင်း အေဂျင်စီက နိုဝင်ဘာ ၂၅ ရက်က သတိပေးထားသည်။

နှင်းများ စုပုံကျခြင်း၊ လမ်းများ အေးခဲခြင်းနှင့် မြင်ကွင်းအားနည်းခြင်းတို့ကြောင့် မလိုအပ်ဘဲ ကျေးလက်ဒေသများသို့ ခရီးမသွားရန် အေဂျင်စီက ယာဉ်မောင်းနှင်သူများကို သတိပေးထားသည်။ **ဆင်ဟွာ**

## ဂျပန်ရှိဆေးခန်းများတွင် ပြည်တွင်းထုတ် ကိုဗစ်-၁၉ သောက်ဆေးကို သောက်သုံးရန် ညွှန်ကြား

တိုကျို နိုဝင်ဘာ ၂၈

ဂျပန်နိုင်ငံရှိ ရွေးချယ်ထားသည့် ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများက ပြည်တွင်း၌ ပထမဆုံး ထုတ်လုပ်သည့် ဆေးဝါးများဖြစ်သော ဇိုကိုဗာ ကိုဗစ်-၁၉ သောက်ဆေးကို သောက်သုံးရန် ညွှန်ကြားထားကြောင်း သိရသည်။

ဇိုကိုဗာ သောက်ဆေးကို အပျော့စားရောဂါ လက္ခဏာရှိသူများ အသုံးပြုရန်အတွက် ရှီယိုနိုဂီ ဆေးဝါးကုမ္ပဏီက ထုတ်လုပ်ထားခြင်းဖြစ်သည်။ တိုကျိုမြို့အနီး စိုင်တာမပြည်နယ် ခါဆူခါဘီမြို့ရှိ ဆေးခန်းတစ်ခု၌ နိုဝင်ဘာ ၂၈ ရက်တွင် လူနာငါးဦးအတွက် အဆိုပါသောက်ဆေးကို သောက်သုံးရန် ညွှန်းထားကြောင်း သိရသည်။ အောက်တိုဘာလလယ်အထိ တစ်ရက်လျှင် ကိုဗစ်-၁၉ လူနာ ၂၀ ဝန်းကျင်ကို ကုသမှုပေးခဲ့သော်လည်း နိုဝင်ဘာ ၂၈ ရက်တွင် ၄၆ ဦးအထိ မြင့်တက်လာကြောင်း ဆေးခန်းက ထုတ်ပြန်ထားသည်။

အဆိုပါ ဆေးခန်းသည် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်သည့် လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်းကို ကုသနိုင်သည့် ဆေးဝါးကို အသက်ငယ်သော လူနာများနှင့် ခုခံအားနည်းသော လူနာများအတွက် ဆေးဝါးများ ရရှိရန် တောင်းဆိုခဲ့ကြောင်း ဒေါက်တာ ဖူဂျီခါဝါ မက်ခီကို က ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါလက္ခဏာရှိသူများကို ကုသရာတွင် ဆေးမှာ မည်မျှထိရောက်မှုရှိသည်ကို မသိသေးသော်လည်း ကြီးမားသည့် ဘေးထွက်ဆိုးကျိုး မတွေ့ရှိရသောကြောင့် သောက်သုံးရန် ညွှန်းပေးလိုကြောင်း ၎င်းက ပြောကြားသည်။



ဂျပန်နိုင်ငံ၌ ထုတ်လုပ်သည့် ကိုဗစ်-၁၉ သောက်ဆေးကို တွေ့ရစဉ်။

ကျန်းမာရေးဝန်ကြီးဌာနသည် လူနာတစ်သန်းကို ကုသရန် ဇိုကိုဗာဆေးလုံလောက်မှု ရှိရန်အတွက် ရှီယိုနိုဂီဆေးဝါးကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသည် ဂျပန်နိုင်ငံတစ်ဝန်း ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်း ၂၉၀၀ ဝန်းကျင်ကို ဆေးဝါး စတင်ပေးနေပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်ကပ်ရောဂါကြောင့် လူပေါင်း ၄၆၀၀၀၀ ခန့် ဆင်းရဲမွဲတေမှုဝင်ငွေ သတ်မှတ်ချက်အောက် ရောက်ရှိဟု ကမ္ဘာ့ဘဏ်ပြော



ကိုဗစ်ကပ်ရောဂါကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ အထည်ချုပ်စက်ရုံတစ်ခု၌ အလုပ်လုပ်နေသော အလုပ်သမားများ။

ဖနောင်ပင် နိုဝင်ဘာ ၂၈

**ကမ္ဘောဒီးယားနိုင်ငံရှိ လူပေါင်း ၄၆၀၀၀၀ ခန့်သည် ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားပြီးနောက် ဆင်းရဲမွဲတေမှုဝင်ငွေသတ်မှတ်ချက်အောက် ရောက်ရှိလာကြောင်း နိုဝင်ဘာ ၂၈ ရက်တွင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ခုတွင် ဖော်ပြထားသည်။**

ထို့ပြင် အဆိုပါ အစီရင်ခံစာ၌ ၂၀၀၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်ကြား ၁၀ နှစ်တာကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်းသည် ၃၃ ဒသမ ၈ ရာခိုင်နှုန်းမှ ၁၇ ဒသမ ၈ ရာခိုင်နှုန်းသို့ ကျဆင်းလာကြောင်းနှင့် လူပေါင်းနှစ်သန်းနီးပါး ဆင်းရဲမွဲတေမှုမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း ဆင်းရဲနွမ်းပါးမှုနှုန်း ၂ ဒသမ ၈ ရာခိုင်နှုန်းသာ မြင့်တက်လာခြင်းကြောင့် လူပေါင်း ၄၆၀၀၀၀ ခန့်မှာ ဆင်းရဲမွဲတေမှုဝင်ငွေသတ်မှတ်ချက်အောက် ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

လူဦးရေ ၁၆ သန်းခန့်ရှိသော ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားဆင်းရဲမွဲတေမှု သတ်မှတ်ချက်မှာ လူတစ်ဦးလျှင် တစ်နေ့ကို ကမ္ဘောဒီးယားငွေရီယယ် ၁၀၉၅၁ သို့မဟုတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဒေါ်လာဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉ ဦးတွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၂၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၆၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၄၈,၆၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၁၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၇၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါ သည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၇) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာ များ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၀၀ | ၁၉၄၅ | ၁၉၄၀ | ၁၉၁၀ | ၁၉၄၅ | ၁၉၇၀ | ၁၉၅၅ | ၁၉၃၀ | ၂၀၂၅ | ၂၀၄၀ | ၁၉၄၀ | ၁၉၄၅ | ၁၉၈၀ | ၁၉၈၀ | ၁၉၈၅ | ၂၂၀၅ | ၂၉၂၀ |
| 95 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၅၅ | ၂၀၃၅ | ၂၁၃၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၅ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၀၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၂၉၀ | ၂၃၃၅ | ၂၃၃၀ | ၂၂၉၅ | ၂၃၃၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၂၀ | ၂၄၃၅ | ၂၄၃၀ | ၂၃၂၅ | ၂၃၃၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၇၅ | ၂၅၉၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၃၆၅ | ၂၄၁၀ | ၂၄၁၀ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၆၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၃၆၅ | ၂၄၁၀ | ၂၄၁၀ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၁၅ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၆၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၀၅ | ၁၈၇၄ |
| 95 Ron | ၁၉၀၅ | ၁၉၇၇ |
| HSD (500 ppm) | ၂၁၈၁ | ၂၂၅၄ |
| HSD (50 ppm) | ၂၂၅၅ | ၂၃၃၀ |
| HSD (10 ppm) | ၂၂၅၅ | ၂၃၃၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာနိုင်ငံတွင် လွှတ်တော်သုံးရပ်လုံးအတွက် ပြောင်းလဲဆောင်ရွက်သင့်သော ရွေးကောက်ပွဲစနစ်

ကိုရွှေဦး

ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများတွင် ရွေးကောက်ပွဲတစ်ခုကျင်းပရာ၌ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ခုဖြစ်ရန် သာတူညီမျှယှဉ်ပြိုင်နိုင်သော ပတ်ဝန်းကျင်အခြေအနေကောင်းကို ဖန်တီးပေးရန်လိုသည်။ ထိုအခါ ရွေးကောက်ပွဲကို မည်သည့်စနစ်ဖြင့် ကျင်းပမည်ဆိုသည်က အရေးပါသော ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၏ ယုံကြည်စိတ်ချရခြင်း ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းတို့သည် ရွေးကောက်ပွဲတစ်ခု၏ ဂုဏ်သိက္ခာပင်ဖြစ်သည်။ ဂုဏ်သိက္ခာရှိ၍ အများယုံကြည်အားထားရသည့် အရည်အချင်းပြည့်မီသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်၍ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြရသည်။ လွှတ်တော်ရွေးကောက်ပွဲများသည် နိုင်ငံတစ်ခုအတွက် အရေးအကြီးဆုံးဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဖော်ဆောင် ထင်ဟပ်လျက်ရှိပါသည်။ သို့ဖြစ်၍ နိုင်ငံများသည် ပိုမိုကောင်းမွန်ပြည့်စုံသည့် ရွေးကောက်ပွဲစနစ်များကို ပြုပြင်ပြောင်းလဲ ကျင့်သုံးလာကြသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံ ၁၉၃ နိုင်ငံတွင် အချိုးကျကိုယ်စားပြုစနစ် PRs ကို ၁၁၁ နိုင်ငံက ကျင့်သုံးပြီး ဗဟုစနစ်ကျင့်သုံးသည့် နိုင်ငံ ၇၄ နိုင်ငံနှင့် အခြားရွေးကောက်ပွဲစနစ် ကျင့်သုံးသည့်နိုင်ငံ ရှစ်နိုင်ငံရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံတော်တော်များများတွင် မဲများသူအနိုင်ရသည့် ရွေးကောက်ပွဲစနစ် Majority Vote တွင် အားနည်းချက်များ လေ့လာတွေ့ရှိရသည့်အတွက် အချိုးကျကိုယ်စားပြုစနစ် PRs သို့ ပြောင်းလဲကျင့်သုံးလာခဲ့ကြသည်။

### အချိုးကျကိုယ်စားပြုစနစ် (Proportional Representation System)

အချိုးကျကိုယ်စားပြုစနစ်သည် မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာ သတ်မှတ်၍ ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် ကိုယ်စားလှယ်ဦးရေကိုပါ သတ်မှတ်ပေးပြီး ပါတီအဖွဲ့အစည်းအလိုက် ယှဉ်ပြိုင်စေခြင်းဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် ပါတီအဖွဲ့အစည်းအလိုက်ရရှိသည့် ထောက်ခံဆန္ဒမဲအပေါ်မူတည်၍ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်ဦးရေကို သတ်မှတ်ပေးသည့် စနစ်ဖြစ်ပါသည်။ ယင်းစနစ်အရ တစ်သီးပုဂ္ဂလများလည်း ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ယင်းတို့ရရှိသော ထောက်ခံဆန္ဒမဲအပေါ် မူတည်၍ ရွေးကောက်တင်မြှောက်ခံနိုင်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ၎င်းတို့ဆန္ဒပြုထားသော မဲသည် ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲစေနိုင်ကြောင်း ယုံကြည်ပြီး စိတ်အားထက်သန်စွာ မဲပေးခြင်းကြောင့် အလဟဿဖြစ်သော မဲအရေအတွက် နည်းပါးသွားမည်ဖြစ်ပါသည်။ မဲအလေအလွင့်ဖြစ်မှုလည်း ပိုမိုနည်းပါးလာမည်ဖြစ်ပါသည်။ ထိုစနစ်ကြောင့် ပါတီများကို ပိုမိုတိကျစွာ ကိုယ်စားပြုနိုင်ခြင်း၊ ပါတီငယ်များနှင့် လူနည်းစုများကိုလည်း ကိုယ်စားပြုနိုင်ခြင်းနှင့် အများစုပါဝင်သည့် အုပ်ချုပ်ခြင်းများ ဖြစ်ပေါ်လာနိုင်ပါသည်။ ဥပဒေပြုအဖွဲ့များတွင်လည်း ပါတီများမှ ကိုယ်စားပြုမှုများ ပါဝင်လာမည်ဖြစ်သည်။

အချိုးကျကိုယ်စားပြုစနစ်များစွာရှိသည့်အနက် ထိုစနစ်ကိုကျင့်သုံးသော နိုင်ငံများတွင် ကျင့်သုံးသည့်ပုံစံကို ခွဲခြားကြည့်ပါလျှင် အဓိကပုံစံ သုံးမျိုးခွဲခြားနိုင်ပါသည်။ ပါတီအမည်ကို မူတည်ပြီး အချိုးကျရွေးချယ်သည့်စနစ်(Party List PR System–LPR) ပါတီ၊ အမတ်လောင်း တစ်ပါတည်းရွေးချယ်သည့် ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ် (Mixed– Member Proportional System–MMP)နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ် (Single Transferable Vote–STV)တို့ ဖြစ်ပါသည်။ အချိုးကျကိုယ်စားပြုစနစ်တွင် အဓိကအသုံးပြုပုံစံ သုံးမျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–




အချိုးကျကိုယ်စားပြုစနစ် (Proportional Representation) အများအပြားရှိသည့်အနက် ပါတီအမည်ကိုမူတည်ပြီး အချိုးကျကိုယ်စားပြုစနစ် (Party List PR) စနစ်တွင် စာရင်းပိတ် (Closed List) စာရင်းဖွင့် (Open List) နှင့် စာရင်းလွတ် (Free List) ဟူ၍ ပုံစံ သုံးမျိုးရှိပါသည်။ စာရင်းပိတ် (Closed List) သည် ပါတီကိုဆန္ဒပြုရမည့်ပုံစံဖြစ်ပြီး ပါတီက ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေး အစီအစဉ်အလိုက် ပြုစုပေးရပါသည်။ မဲဆန္ဒရှင်အနေဖြင့် ကိုယ်စားလှယ်ကို ရွေးချယ်ခွင့်မရှိဘဲ ပါတီကပြုစုသော ကိုယ်စားလှယ်အစီအစဉ်ကို လက်ခံရမည်ဖြစ်သည်။ စာရင်းဖွင့် (Open List) သည် ပါတီတစ်ခု တည်းကိုသာ ရွေးချယ်ခြင်းမဟုတ်ဘဲ ကိုယ်စားလှယ်လောင်းကိုပါ ရွေးချယ်နိုင်ခွင့်ရှိပါသည်။ ပါတီမှ ရွေးချယ်ပေးထားသော ကိုယ်စားလှယ်လောင်းများကို ဦးစားပေးအစီအစဉ် တပ်ထားခြင်းမပြုဘဲ မဲဆန္ဒရှင်များက ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်ကို မဲပေးရွေးချယ်ရခြင်းဖြစ်သည်။ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရန်အတွက် လွယ်ကူရှင်းလင်းမှုအရ စာရင်းပိတ် (Closed List) နှင့် စာရင်းဖွင့် (Open List) စနစ်နှစ်မျိုးအနက်မှ ရွေးချယ်စဉ်းစားဆောင်ရွက်သင့်ပါသည်။

### ပါတီအမည်ကိုမူတည်သည့် အချိုးကျကိုယ်စားပြုစနစ် (Party List PRs)

ပါတီအမည်ကို မူတည်ပြီး ရွေးချယ်သည့် အချိုးကျကိုယ်စားပြုစနစ်တွင် အဓိကအသုံးပြုလျက်ရှိသည့် စနစ် သုံးမျိုးမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–




> **"အချိုးကျကိုယ်စားပြုစနစ်များစွာရှိသည့်အနက် ထိုစနစ်ကိုကျင့်သုံးသော နိုင်ငံများတွင် ကျင့်သုံးသည့် ပုံစံကို ခွဲခြားကြည့်ပါလျှင် အဓိကပုံစံ သုံးမျိုးခွဲခြားနိုင်ပါသည်။ ပါတီအမည်ကို မူတည်ပြီး အချိုးကျ ရွေးချယ်သည့်စနစ်**(Party List PR System-LPR) **ပါတီ၊ အမတ်လောင်းတစ်ပါတည်းရွေးချယ်သည့် ပေါင်းစပ်ထားသည့် အချိုးကျကိုယ်စားပြုစနစ်** (Mixed- Member Proportional System-MMP) **နှင့် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ်** (Single Transferable Vote-STV) **တို့ဖြစ်"**

ယင်းအပြင် ပါတီနှင့် အမတ်လောင်း တစ်ပါတည်းရွေးချယ်သည့် ပေါင်းစပ်ထားသော အချိုးကျကိုယ်စားပြုစနစ်ပုံစံ (Mixed – Member Proportional System–MMP) အသုံးပြုသော နိုင်ငံများရှိသည်။ အဆိုပါပုံစံတွင် မဲဆန္ဒရှင်များသည် ပါတီအမည်ကို တစ်ကြိမ်နှင့် နှစ်သက်ရာ ကိုယ်စားလှယ်ကိုတစ်ကြိမ် ဆန္ဒမဲပေးသည့်ပုံစံ သို့တည်းမဟုတ် နိုင်သူအကုန်ယူစနစ်(FPTP)နှင့် အချိုးကျကိုယ်စားပြုစနစ်ပုံစံ တစ်မျိုးမျိုးကိုအသုံးပြု၍ သတ်မှတ်အချိုးအစားအတိုင်း ကိုယ်စားလှယ်ရွေးချယ်သည့် စနစ်ပုံစံဖြစ်ပါသည်။ ထို့ပြင် လွှဲပြောင်း၍ရသော တစ်မဲတည်းပေးစနစ်ပုံစံ(Single Transferable Vote–STV)ကို အသုံးပြုသော နိုင်ငံများလည်းရှိသည်။ အဆိုပါ ပုံစံတွင် မဲဆန္ဒရှင်များသည် ကိုယ်စားလှယ်၏အဆင့်ကို သတ်မှတ်ပေးပြီး ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းကို ဦးစားပေး၍ ဆန္ဒမဲပေးရခြင်းဖြစ်ပါသည်။ ပထမဦးစားပေး မဲဝေစုရရှိသည့် ကိုယ်စားလှယ်လောင်းသည် သတ်မှတ်မဲအရေအတွက် Threshold ထက်ပိုနေပါက ရွေးချယ်ခံရပြီး အဆိုပါ Threshold ထက်ပိုသောမဲများကို မိမိနှစ်သက်သည့် ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးနိုင်သော စနစ်ပုံစံဖြစ်ပါသည်။ အဆိုပါ MMP နှင့် STV ပုံစံနှစ်မျိုးသည် မဲဆန္ဒရှင်များ ရွေးကောက်ပွဲဆိုင်ရာအသိပညာပြည့်ဝမှုရှိမှသာ အသုံးပြုရန် သင့်လျော်မည်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားများ၏ စာတတ်မြောက်မှုအခြေအနေအရ ရှင်းလင်းလွယ်ကူသည့် ပါတီကိုသာ ရွေးချယ်ရသည့် စာရင်းပိတ် (Closed List) စနစ်ကို ရွေးချယ်ကျင့်သုံးနိုင်ရေး စဉ်းစားဆောင်ရွက်သင့်ပါသည်။

### မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးသင့်သည့် အချိုးကျကိုယ်စားပြုစနစ်(PRs)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံရေးပါတီများနှင့် လေးကြိမ်တွေ့ဆုံ၍ ရွေးကောက်ပွဲစနစ်များကို ပြန်လည်လေ့လာသုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲတွင် ကျင့်သုံးဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲစနစ်များကို ဆွေးနွေးခဲ့ကြပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် အချိုးကျကိုယ်စားပြုစနစ်(PRs) သို့ ပြောင်းလဲကျင့်သုံးသင့်ကြောင်း သဘောတူတင်ပြခဲ့ကြပြီးနောက် ၂၀၂၂ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့လိုက် အသေးစိတ်ထပ်မံဆွေးနွေးခဲ့ကြပြီး မဲအများဆုံးရသူအနိုင်ရသည့် (FPTP) စနစ်မှ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်(PRs) သို့ ပြောင်းလဲကျင့်သုံးရာတွင် Closed List PR ကို ကျင့်သုံးသင့်ကြောင်း နိုင်ငံရေးပါတီများက ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ မိမိတို့နိုင်ငံနှင့် သင့်လျော်ကိုက်ညီသော Closed List စနစ်ကို ကျင့်သုံးမည်ဆိုပါလျှင် (၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပါတီများ)

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မဲလက်မှတ်နမူနာပုံစံမှာ အောက်ဖော်ပြပါအတိုင်းဖြစ်၍ မဲပေးရာတွင် ရှင်းလင်းလွယ်ကူပါမည်–

**အချိုးကျကိုယ်စားပြု (Closed List)စနစ်အတွက် မဲလက်မှတ်နမူနာပုံစံ(၁)**




Closed list System ကို ကျင့်သုံးမည်ဆိုပါက ပါတီအလိုက် ရွေးကောက်ခံမည့် ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ဦးစားပေးအစီအစဉ်အလိုက် ကော်မရှင်သို့ တင်ပြထားရမည်။ ပါတီများမှ ကိုယ်စားလှယ်လောင်းများ၏ ရုပ်ပုံများကို ဗီနိုင်းပိုစတာများဖြင့် မဲဆန္ဒနယ်မြေအတွင်း ဥပဒေများနှင့်အညီ ကပ်ထားနိုင်သည်။

**Party List PR ( Closed List ) အရ ပါတီများမှ ကြိုတင် တင်ပြထားသည့် ကိုယ်စားလှယ် ဦးစားပေးအစီအစဉ်အတိုင်း Thershold အရ ရရှိမည့် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ခြင်း အကြံပြုချက်နမူနာ ( ပြည်သူ့လွှတ်တော်၊ ပြည်ထောင်စုနယ်မြေ )**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ
ပြည်ထောင်စုနယ်မြေ
ပါတီများအလိုက် ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ်
(နမူနာပုံစံ)

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလု | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

**ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် အနည်းဆုံးရရှိရမည့် ခိုင်လုံမဲတွက်ခြင်း ( Threshold )**

$$\text{ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်မဲ} = \frac{\text{ခိုင်လုံမဲစုစုပေါင်း}}{\text{ကိုယ်စားလှယ်အရေအတွက်} + ၁} + ၁$$

**တွက်ချက်မှုဇယား List PR ( Closed List )**

$$\text{ကိုယ်စားလှယ်တစ်ဦးဖြစ်ရန်မဲ} = \frac{၉၀၀,၀၀၀}{၈ + ၁} + ၁ = ၁၀၀,၀၀၁$$

| ပါတီ | ရရှိသည့် ဆန္ဒမဲပေါင်း | ပထမ ရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကြွင်းကျန် မဲပေါင်း | ကြွင်းကျန်မဲမှ ထပ်မံရရှိသည့် ကိုယ်စားလှယ် ဦးရေ | ကိုယ်စားလှယ် ဦးရေပေါင်း |
|---|---|---|---|---|---|
| (A) ပါတီ | ၃၃၀,၀၀၀ | ၃ | ၂၉,၉၉၇ | - | ၃ |
| (B) ပါတီ | ၁၉၀,၀၀၀ | ၁ | ၈၉,၉၉၉ | ၁ | ၂ |
| (C) ပါတီ | ၆၀,၀၀၀ | - | ၆၀,၀၀၀ | - | - |
| (D) ပါတီ | ၂၂၀,၀၀၀ | ၂ | ၁၉,၉၉၈ | - | ၂ |
| တစ်သီးပုဂ္ဂလ | ၁၀၀,၀၀၀ | - | ၁၀၀,၀၀၀ | ၁ | ၁ |
| စုစုပေါင်း | ၉၀၀,၀၀၀ | ၆ | | ၂ | ၈ |

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ
ပြည်ထောင်စုနယ်မြေ
ပါတီများအလိုက် ကြိုတင်တင်ပြထားရမည့် ကိုယ်စားလှယ်ဦးစားပေးအစီအစဉ်
(နမူနာပုံစံ)

| (A)ပါတီ | (B)ပါတီ | (C)ပါတီ | (D)ပါတီ | တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| ၁။ ဦးအေး | ၁။ ဦးတင် | ၁။ ဦးခ | ၁။ ဦးမျိုး | ၁။ ဦးဘ |
| ၂။ ဦးအောင် | ၂။ ဦးမှန် | ၂။ ဦးသူရ | ၂။ ဦးတိုး | |
| ၃။ ဦးမောင် | ၃။ ဦးကြိုင် | ၃။ ဦးလူလု | ၃။ ဒေါ်မူမူ | |
| ၄။ ဒေါ်လှလှ | ၄။ ဒေါ်ထွေး | ၄။ ဒေါ်လှိုင် | ၄။ ဒေါ်ကြိုင် | |
| ၅။ ဦးလှ | ၅။ ဒေါ်တင့် | ၅။ ဒေါ်မိုး | ၅။ ဦးကျော် | |
| ၆။ ဦးဝေ | ၆။ ဒေါ်တင် | ၆။ ဦးချစ် | ၆။ ဦးသူ | |
| ၇။ ဦးမြင့် | ၇။ ဦးခင် | ၇။ ဦးစိုး | ၇။ ဦးရ | |
| ၈။ ဦးသိန်း | ၈။ ဦးမင် | ၈။ ဦးမိုး | ၈။ ဦးထွန်း | |

ပါတီအလိုက် အောက်ပါကိုယ်စားလှယ်များ ရွေးကောက်ခံရပါသည်–

(A)ပါတီ လွှတ်တော်ကိုယ်စားလှယ် (၃) ဦး – ဦးအေး၊ ဦးအောင်၊ ဦးမောင်
(B)ပါတီ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး – ဦးတင်၊ ဦးမှန်
(D)ပါတီ လွှတ်တော်ကိုယ်စားလှယ် (၂) ဦး – ဦးမျိုး၊ ဦးတိုး
တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် (၁)ဦး – ဦးဘ

PR စနစ်ကို ပြောင်းလဲကျင့်သုံးပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိရန် လိုအပ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တာဝန်များကို ပြဋ္ဌာန်းထားရာ ရွေးကောက်ပွဲများကျင်းပခြင်း၊ ကြီးကြပ်ခြင်း၊ မဲဆန္ဒနယ်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီဆိုင်ရာ နည်းဥပဒေများကို ထုတ်ပြန်ခြင်းတို့သည် ရွေးကောက်ပွဲကော်မရှင်မှဆောင်ရွက်ရမည့် တာဝန်များပင်ဖြစ်သည်။ ထို့ပြင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ တွင် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်၍ ရွေးကောက်ပွဲစနစ်များ ရွေးချယ်သတ်မှတ်ခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်အရ ရွေးကောက်ပွဲကော်မရှင်ကို အာဏာအပ်နှင်းထားပြီးဖြစ်ရာ အချိုးကျကိုယ်စားပြုစနစ် (PRs) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းကို ရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ ဆောင်ရွက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

အချိုးကျကိုယ်စားပြုစနစ် (PRs) ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၂၁၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၅၂၊ ပုဒ်မ ၁၅၃၊ ပုဒ်မ ၁၆၉၊ ပုဒ်မ ၁၇၀ စသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းများ ပြောင်းလဲမှုမရှိဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈ (က)အရ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ ပုဒ်မ ၃၆၉ (က) အရ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၅ အောက်ဖော်ပြပါ အရည်အချင်း တစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသားများ ဖြစ်ကြသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊

( ခ ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေပြဋ္ဌာန်းချက်ပါ လွှတ်တော်ကိုယ်စားလှယ်အရည်အချင်းနှင့် ညီညွတ်မှုမရှိသူများသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် မဟုတ်ပါ။ အချိုးကျကိုယ်စားပြု (Closed List) စနစ်ကြောင့် တိုင်းရင်းသားလူမျိုးစုပါတီများ ယင်းတို့ကိုထောက်ခံသည့် ဆန္ဒမဲများအရ အချိုးအစားအလိုက် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရနိုင်သည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်လာနိုင်မည့် အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။

ကျင်းပပြီးစီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲများကို မဲအများဆုံးရသူ အနိုင်ရသည့် FPTP စနစ်ဖြင့် ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စုစုပေါင်း၏ ထောက်ခံမဲ ၅၆ ဒသမ ၇ *စာမျက်နှာ ၁၉ သို့*

## မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ပဲမျိုးစုံ၊ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ လျှော်ဖြူ (ဆေးကုလားမ) အများဆုံးတင်ပို့နိုင်ခဲ့

ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်သည့်အပြင် ကုန်သွယ်ရေးစခန်းများတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုပေးလျက်ရှိပါသည်။ အများဆုံးပို့ကုန်ပစ္စည်းများမှာ ပဲမျိုးစုံ၊ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ လျှော်ဖြူ (ဆေးကုလားမ)တို့ဖြစ်ပြီး အများဆုံးသွင်းကုန်ပစ္စည်းများမှာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်နှင့်စက်အပိုပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လိမ္မော်သီး၊ ချုပ်ပြီးအဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းတို့ဖြစ်သည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတင်ပို့သည့် ပို့ကုန်ပစ္စည်းများမှ တစ်ဘက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသောပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form E ကို တင်ပို့သူမှ တောင်းခံလာပါက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။ ၂၇-၁၁-၂၀၂၂ ရက်နေ့တွင် Form E ထုတ်ပေးမှုမှာ ၁၃ စောင်ဖြစ်ပြီး၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၂၇ ရက်အထိ Form E ၄၈၁ စောင် ထုတ်ပေးခဲ့သည်။

၂၇-၁၁-၂၀၂၂ ရက်နေ့တွင် ပို့ကုန်ယာဉ်စီးရေ ၁၃၆ စီး၊ သွင်းကုန်ယာဉ်စီးရေ ၄၅ စီး စုစုပေါင်း ၁၈၁ စီး ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီး ယခုရက်ပိုင်းတွင် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ ရော်ဘာ၊ ဖရဲသီး၊ သခွားသီး အစရှိသည့်သီးနှံများတင်ပို့သည့် ကာလရောက်ရှိပြီဖြစ်၍ ပို့ကုန်ယာဉ်စီးရေများ ပိုမိုခဲ့သည်။ ၁-၁၁-၂၀၂၂ မှ ၂၇-၁၁-၂၀၂၂ ရက်အထိ ပို့ကုန်ယာဉ်စီးရေ ၂၆၁၈ စီး၊ သွင်းကုန်ယာဉ်စီးရေ ၁၂၅၉ စီး ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသကုန်သွယ်မှုများအတွက် ငွေပေးချေမှုကို ယွမ်ငွေကြေး ၊ ဒေါ်လာငွေကြေးများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲဆန်တို့ကို ဒေါ်လာငွေကြေးအပြင် ယွမ်ငွေကြေးဖြင့် ပါဆောင်ရွက်ခွင့်ပြုပြီး ဆန်၊ ဆန်ကွဲ၊ အခြားလယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ပစ္စည်းဖြစ်သည့် ကဏန်း၊ ငါးရှဉ့်တို့ကို ယွမ်ငွေကြေးဖြင့် ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



## ကွမ်းဈေးကွက်ကောင်းမွန်သဖြင့် ကွမ်းစိုက်တောင်သူများအဆင်ပြေ

မုံရွာခရိုင် မုံရွာမြို့နယ်၌ အပိုဝင်ငွေရရှိရန်အတွက် ကွမ်းကို အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြသည်။

ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြပြီး မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အစိုက်နည်းကာ ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြသည်။

ကွမ်းပင်များကို ဝါဆိုလ (ဇွန်လ)တွင် စိုက်ပျိုးကြကြောင်း၊ ကွမ်းပျိုးပင် တစ်ပင်လျှင် ကျပ် ၄၀၀-၅၀၀ ပေးဝယ်ရကြောင်း၊ တစ်ကေလျှင် ကွမ်းပင် ၃၀၀၀ ခန့် စိုက်ပျိုးနိုင်ကြောင်း သိရသည်။ စိုက်ပျိုးပြီး လေးလခန့်အရွယ်တွင် ခူးဆွတ်နိုင်ကြောင်း၊ အစမ်းခူးသည့်အချိန်တွင် ပိဿာ (၄၅-၅၀) ထွက်ရှိကြောင်း၊ တစ်နှစ်ကျော်လျှင် အထွက်နှုန်းတိုးလာ၍ ပိဿာ(၂၀၀-၂၅၀)အထိ ထွက်ရှိကြောင်း သိရသည်။ မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများအပါအဝင် ကွမ်းအပင်ရေ ၁၀၀၀ ခန့်၏ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ၁၅ သိန်းခန့် ကုန်ကျသည်။ မြေဆီမြေသားကောင်းမွန်မှုနှင့် ဂရုစိုက်မှုအပေါ်မူတည်၍ ကွမ်းသက်တမ်း သုံးနှစ်မှ ခုနစ်နှစ်အထိ ကြာမြင့်သောကြောင့် တစ်နှစ်လျှင် အကျိုးအမြတ်အနေဖြင့် ကျပ်သိန်း ၃၀ နှင့်အထက် ရရှိကြောင်း သိရသည်။



မုံရွာမြို့နယ် ကွမ်းဈေးကွက်အနေဖြင့် နိုဝင်ဘာလ တတိယပတ်တွင် ကွမ်းတစ်ပိဿာလျှင် ကျပ် ၈၀၀၀-၁၀၀၀၀ ဈေးရရှိကြောင်း၊ နိုဝင်ဘာလ စတုတ္ထပတ်တွင် အရည်အသွေးပေါ်မူတည်ပြီး တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ကျပ် ၈၅၀၀-၉၀၀၀ မှ အမြင့်ဆုံးဈေး ကျပ် ၁၀၀၀၀-၁၁၀၀၀ အထိ ရောင်းချရကြောင်း၊ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိနေသဖြင့် ကွမ်းစိုက်တောင်သူများ အဆင်ပြေကြကြောင်း သတင်းရရှိသည်။

DOCA(စစ်ကိုင်း)

## ANIEE က ကြီးမှူးကျင်းပခဲ့သည့် ပိုစတာနှင့် ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိခဲ့သူများ၏ ပိုစတာလက်ရာများကို ASEAN IP Portal ၌ လွှင့်တင်ထားရှိ

အာဆီယံမူပိုင်ခွင့်အရေးယူဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကွန်ရက် (ASEAN Network of Intellectual Property Enforcement Experts – ANIEE) က ကြီးမှူးကျင်းပခဲ့သည့် ပိုစတာနှင့် ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများ၏ ပိုစတာလက်ရာများကို အာဆီယံမူပိုင်ခွင့်ဆိုင်ရာ ဝက်ဘ်ဆိုက် (ASEAN IP Portal) တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစတင်ကာ လွှင့်တင်ထားရှိကြောင်း သိရသည်။

ANIEE က ကြီးမှူးကျင်းပခဲ့သည့် မူပိုင်ခွင့်ဆိုင်ရာ ပိုစတာနှင့် ဗီဒီယိုပြိုင်ပွဲတွင် ပိုစတာခေါင်းစဉ်– “Respecting Intellectual Property Rights in Midst of the Pandemic to Protect MSMEs” နှင့် ဗီဒီယိုခေါင်းစဉ် – “IP and Youth: Digital Enforcement, Innovation for a Better Future” တို့ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ အသက် ၃၅ နှစ်အောက် လူငယ်လူရွယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ (၁၀)ကြိမ်မြောက် အာဆီယံမူပိုင်ခွင့် အရေးယူဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကွန်ရက် (ANIEE) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဆုရရှိသူများအား ကြေညာခဲ့ရာ ဗီဒီယိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ တတိယဆုရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲဝင်လက်ရာများအနက်မှ ဆုရရှိခဲ့သော ပိုစတာလက်ရာများကို ASEAN IP Portal တွင်လွှင့်တင်ထားရှိပြီးဖြစ်ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့၏ ဝက်ဘ်ဆိုက်အသီးသီးတွင် လွှင့်တင်နိုင်ပါကြောင်း သိရသည်။

## ရွှေဘိုမြို့၏ နှမ်းနက်(မိုး) စိုက်ပျိုးထွက်ရှိမှုအခြေအနေနှင့် ဈေးနှုန်းဈေးကွက်

မြန်မာနိုင်ငံရှိ ဆီထွက်သီးနှံများအနက် နှမ်းသည်စိုက်ကေအများဆုံးဖြစ်ပြီး ဆီထွက်သီးနှံစုစုပေါင်းစိုက်ကေ၏ ၅၁ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ နှမ်းကို မိုးနှမ်း၊ ဆောင်းနှမ်းနှင့် မိုးကြိုရေသွင်းနှမ်းဟူ၍ ခွဲခြားထားသည်။

ရွှေဘိုခရိုင်အနေဖြင့် နှမ်းနက်(မိုး)သီးနှံကို နှစ်စဉ် ဧက လေးသောင်းကျော် စိုက်ပျိုးပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နှမ်းနက်(မိုး)ကို ၄၆၆၄၁ ဧက စိုက်ပျိုးကြောင်း၊ တစ်ဧကလျှင် ကိုးတင်းနှုန်းဖြင့် ၄၁၉၇၆၉ တင်း ထွက်ရှိကြောင်း လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့ရှိ ပဲပွဲစားများက ထိန်တော်အသင်း ပဲ၊ နှမ်း ကုန်စည်ဒိုင်သို့ နိုဝင်ဘာလ တတိယပတ်အတွင်း ခရိုင်တွင်းမှ နှမ်းနက်(မိုး)များ စတင်ဝင်ရောက်ခဲ့ပြီး သုံးတင်းဝင် အိတ်တစ်အိတ်လျှင် ကျပ် ၂၃၀၀၀၀ မှ ကျပ် ၂၅၅၀၀၀ အထိ ပေါက်ဈေးရှိ၍ တစ်နေ့လျှင် တင်း ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိသည်။

DOCA(စစ်ကိုင်း)

## ပြင်ဦးလွင်၌ ထောပတ်သီးဒေသမျိုးနှင့် မြောက်ကျွန်းသူမျိုးများ စတင်စိုက်ပျိုးလာ

ပြင်ဦးလွင်မြို့နယ်၌ နှစ်ရှည်သီးနှံဖြစ်သော ထောပတ်သီးစိုက်ဧက ၁၉၄ ဧကမှာ အောက်တိုဘာလလယ်၌ ထောပတ်သီးများ စတင်ထွက်ရှိပြီး နိုဝင်ဘာလတွင် ဈေးကွက်အတွင်းသို့ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်သည်။ ထောပတ်သီးဒေသမျိုးနှင့် မြောက်ကျွန်းသူမျိုးများကို အများစုစိုက်ပျိုးပြီး နိုင်ငံခြားမျိုးများဖြစ်သည့် Hass၊ Vecconeer မျိုးများကိုလည်း အနည်းစု စတင်စိုက်ပျိုးလာကြသည်။

လက်ရှိဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် Hass ၄-၅ လုံးပါ တစ်ကီလိုဂရမ်လျှင် ကျပ် ၅၀၀၀၊ ၆-၈ လုံးပါ တစ်ကီလိုဂရမ်လျှင် ကျပ် ၄၅၀၀၊ ၁၀ လုံးပါ တစ်ကီလိုဂရမ်လျှင် ကျပ် ၃၀၀၀ ရရှိပြီး Vecconeer ၂-၄ လုံးပါ တစ်ကီလိုဂရမ်လျှင် ကျပ် ၃၅၀၀၊ ၅-၆ လုံးပါ တစ်ကီလိုဂရမ်လျှင် ကျပ် ၃၀၀၀ ရရှိသည်။



မြန်မာမျိုး မြောက်ကျွန်းသူ ၂-၃ လုံးပါ တစ်ကီလိုဂရမ်လျှင် ကျပ် ၃၅၀၀၊ ၄-၅ လုံးပါ တစ်ကီလိုဂရမ်လျှင် ကျပ် ၃၀၀၀၊ ဒေသမျိုးတစ်လုံးလျှင် ကျပ် ၂၀၀-၅၀၀ ဈေးဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

DOCA(မန္တလေး)

## ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလ စတုတ္ထပတ်အတွင်း ကုန်သွယ်မှုပမာဏအနေဖြင့် ၁ ဒသမ ၆၇၃ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခုသီတင်းပတ် ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောနှင့် ဖရဲသီးတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် သံခြင်းကွန်တိန်နာများ၊ အင်ဂျင်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းများ၊ ရော်ဘာကုန်ကြမ်းပစ္စည်းများ၊ ကုန်ထုတ်စက္ကူများ၊ တာယာနှင့်ကျွတ်များ၊ ဘတ်ထရီအခြောက်များ၊ ချုပ်ပြီးအဝတ်အထည်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းနိုင်ခဲ့သည်။

အဓိကပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောမှာ ထွက်ရှိလာပြီဖြစ်သောကြောင့် နောင်ကာလများတွင်လည်း ပို့ကုန်ပိုင်း၌ တစ်သျှူးငှက်ပျောများ ပိုမိုတင်ပို့လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

◆*ကျောဖုံးမှ*

ထိုးသတ်မိသဖြင့် ပွဲမပြီးမီ ရပ်နားခဲ့ရသည်။ ထီရယ်လ်ထန်သည် ယခုနှစ် ဖေဖော်ဝါရီတွင် စိန်ခေါ်ပွဲထိုးသတ်ပြီးနောက် နှစ်ကုန်ပိုင်းမှသာ ဒုတိယမြောက် ပွဲစဉ် ထိုးသတ်ရခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် Strawweight World Championship အဖြစ် ဖိလစ်ပိုင်နိုင်ငံသား ပက်ဆီယိုနှင့် အမေရိကန်နိုင်ငံသား ဘရော့ခ်၊ ဒုတိယအဓိက တွဲဆိုင်းအဖြစ် Flyweight Muay Thai World Grand Prix Final ဖြစ်သော ထိုင်းနိုင်ငံသား နှစ်ဦးဖြစ်သည့် ဆူပါလိခ်နှင့် ပန်ပါရတ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

သတင်း-ရဲရင့်လွင်
ဓာတ်ပုံ-ထီရယ်လ်ထန် Facebook



## နောက်တစ်ဆင့်တက်ရေး ရေကုန်ရေခန်းယှဉ်ပြိုင်မယ့် အီရန်နဲ့ အမေရိကန်

လင်းလက်ကြယ်

နိုဝင်ဘာ ၂၉ ရက် ည ၉ နာရီခွဲ ယှဉ်ပြိုင်ကစားမယ့် အုပ်စု (က) နယ်သာလန်နဲ့ ကာတာအသင်းပွဲစဉ်မှာ နယ်သာလန်အသင်းက အသင်းတွေ့ဆုံမှုနဲ့ ရပ်တည်မှုအရ နောက်တစ်ဆင့်တက်ရောက်ဖို့ နီးစပ်နေတယ်။ အိမ်ရှင်ကာတာအသင်းက ယခုပွဲစဉ်မတိုင်မီကတည်းက ပြိုင်ပွဲမှ ထွက်ခွာထားရတယ် ဆိုသော်ငြား ဂုဏ်သိက္ခာပိုင်းအတွက် ရလဒ်ကောင်းရရှိရေး ကြိုးစားသွားမှာပါ။ ယင်းအုပ်စုမှာ နယ်သာလန်က လေးမှတ်၊ ကာတာက အမှတ်မရသေးပေ။

အုပ်စု (က) နောက်ထပ်ပွဲစဉ် အီကွေဒေါနဲ့ ဆီနီဂေါပွဲစဉ်မှာ အီကွေဒေါအသင်းရော ဆီနီဂေါအသင်းပါ မဖြစ်မနေနိုင်ပွဲရရှိဖို့ လိုအပ်နေတာကြောင့် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားလာမှာပါ။ နှစ်သင်းစလုံးမှာ တူညီတဲ့ မာမာထန်ထန် ကစားဟန်ရှိတာကြောင့် ရရှိလာမယ့် အပိုင်အခွင့်အရေးတွေကို ဂိုးအဖြစ် ပြောင်းလဲနိုင်စွမ်းရှိတဲ့အသင်းကသာ အောင်ပွဲခံသွားနိုင်မယ်။ အီကွေဒေါက လေးမှတ်ရပြီး ဆီနီဂေါက သုံးမှတ်ရထားပါတယ်။

အုပ်စု (ခ) နိုဝင်ဘာ ၃၀ ရက် နံနက် ၁ နာရီခွဲမှာ ယှဉ်ပြိုင်မယ့် ဝေးလ်နဲ့ အင်္ဂလန်ပွဲမှာ ဝေးလ်အသင်းရဲ့ ရှုံးထွက်အဆင့်တက်ရေး မျှော်လင့်ချက်က အလွန်နည်းပါးတယ်။ ဒီပွဲစဉ်မှာ ဝေးလ်က အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့တယ်ဆိုရင်တောင် တစ်ဖက်မှာ အမေရိကန်က အီရန်ကို အနိုင်ရရှိမှ မျှော်လင့်နိုင်မှာ ဖြစ်တယ်။ အင်္ဂလန်က လေးမှတ်ရထားပြီး ဝေးလ်က တစ်မှတ်သာရထားပါတယ်။

အုပ်စု (ခ) နောက်ထပ်ပွဲစဉ် အီရန်နဲ့ အမေရိကန် ယှဉ်ပြိုင်မယ့် ဒီပွဲစဉ်က နှစ်သင်းစလုံးအတွက် နောက်တစ်ဆင့်တက်ရေး အရေးပါတဲ့ ပွဲစဉ်ဖြစ်တယ်။ အီရန်အသင်းရဲ့ ခြေစွမ်းမဆိုးဘူးဆိုပေမယ့် အမေရိကန်အသင်းရဲ့ ခြေစွမ်းကို လျှော့တွက်လို့မရဘူး။ ဒါပေမယ့် အီရန်အသင်းရဲ့ ဖိအားပေးမှုတချို့အောက်မှာ ပုံစံပျက်ခဲ့ရင်တော့ အမေရိကန်အသင်းအနေနဲ့ ပေးဆပ်မှုကြီးမားသွားနိုင်တယ်။ နှစ်သင်းစလုံးမှာ အရည်အသွေးမြင့် ကစားသမားတွေရှိပြီး ပွဲရလဒ်ကို အချိန်မရွေး ပြောင်းလဲနိုင်စွမ်းရှိတာကြောင့် နောက်ဆုံးမိနစ်အပိုင်းအခြားအထိ ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ ဒီအုပ်စုမှာ အီရန်က သုံးမှတ်ရထားပြီး အမေရိကန်က နှစ်မှတ်ရထားပါတယ်။

အုပ်စု (ဆ) ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် ဘရာဇီးနဲ့ ဆွစ်ဇာလန်တို့ပွဲတွင် တစ်ဖက်နဲ့ တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ဘရာဇီးကတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပါတယ်။ ယင်းအုပ်စုတွင် ဘရာဇီးကခြောက်မှတ်၊ ဆွစ်ဇာလန်က သုံးမှတ်ရရှိထားပါတယ်။

| ကမ္ဘာ့ဖလားပွဲစဉ် (၃) | |
|---|---|
| ၂၉-၁၁-၂၀၂၂ | အင်္ဂါနေ့ |
| နယ်သာလန် - ကာတာ | ည ၉း၃၀ |
| အီကွေဒေါ - ဆီနီဂေါ | ည ၉း၃၀ |
| ဝေးလ် - အင်္ဂလန် | နံနက် ၁း၃၀ |
| အီရန် - အမေရိကန် | နံနက် ၁း၃၀ |

*စာမျက်နှာ ၁၇ မှ*

ရာခိုင်နှုန်းရရှိသော ပါတီသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၇၈ ဒသမ ၅၈ ရာခိုင်နှုန်းရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စုစုပေါင်း၏ ထောက်ခံမဲ ၅၇ ဒသမ ၂ ရာခိုင်နှုန်းရရှိသော ပါတီသည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နေရာ ၇၉ ရာခိုင်နှုန်းရရှိခဲ့သည်။ သို့ဖြစ်၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပါတီပေါင်း ၉၀ ကျော်အနက် ၂၃ ပါတီသာ လွှတ်တော်တွင် နေရာရရှိခဲ့ပြီး လွှတ်တော်အတွင်း တစ်ပါတီကြီးစိုးမှုများဖြစ်ခဲ့ရသည်။ ထိုအခါ လုပ်သင့်လုပ်ထိုက်သော ဥပဒေပြုခြင်း၊ ဥပဒေများပြင်ဆင်ခြင်းနှင့် နိုင်ငံ့အကျိုးရှေးရှုသော အဆိုများတင်သွင်းခြင်းတို့တွင် မိမိတို့ပါတီ အသာစီးရလိုမှုများကြောင့် လွှတ်တော်များအတွင်း ပွတ်တိုက်မှုများစွာ ဖြစ်ပွားခဲ့ပြီး တိုင်းရင်းသား လူနည်းစုများ၏ အခွင့်အရေးများ နစ်နာခဲ့ရသည်မှာ ငြင်းဆိုမရသည့် အကြောင်းတရားများဖြစ်ရာ သင်ခန်းစာယူရမည်ဖြစ်ပါသည်။

မည်သည့်ရွေးကောက်ပွဲစနစ်မျိုးတွင်မဆို ကျင့်သုံးဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်များ ရှိကြစမြဲပင်ဖြစ်ပါသည်။ ယခုအချိန်ကာလသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်အခါပင်ဖြစ်ပါသည်။ တစ်မဲသာအနိုင်ရသည့် ရွေးကောက်ပွဲစနစ် (FPTP)ကြောင့် တစ်ပါတီအာဏာကြီးစိုးသည့် လွှတ်တော်ကိုယ်စားလှယ်အများစုဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း၊ အုပ်ချုပ်မှုနှင့် ဥပဒေပြုရေးကဏ္ဍများတွင် တစ်ပါတီ အာဏာရှင်ကဲ့သို့ ဖြစ်ပေါ်ခဲ့ရခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများ မဟုတ်ခဲ့ပေ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးပင်ဖြစ်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး ကဏ္ဍများတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဆောင်ရွက်နိုင်ရေးသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများပင် ဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ပီပီပြင်ပြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လွှတ်တော်သုံးရပ်လုံးတွင် ရွေးကောက်ပွဲစနစ်များကို ပြောင်းလဲဆောင်ရွက်သင့်ကြောင်း တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရလည်းဖြစ်ပါသည်။ ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် တိုင်းရင်းသား လူမျိုးစုပါတီများ ယင်းတို့ကို ထောက်ခံသောဆန္ဒမဲများအရ အချိုးကျ ပါဝင်ခွင့်ရရှိနိုင်သည့် အချိုးကျကိုယ်စားပြုစနစ် (PRs)ကို လာမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြောင်းလဲဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၁၁ - ၂၀၂၂

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၀၆၀၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၀၆၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၄၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၅၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၃၉၀ ကျပ် | ၂၄၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅ ကျပ် | ၂၁၄၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၉၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၂၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၉ . ၀၆၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၂၃ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၈ . ၇၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၁ . ၉၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၇၂၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ |
|---|---|---|---|
| FMI | ၉၁၀၀ | ၉၂၀၀ | ၆၀၉ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၅၁၃ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၀၀၀ | ၈၂၄ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ |
| EFR | ၂၇၀၀ | ၂၆၀၀ | ၂၅၀ |
| AHP | ၅၀၀၀ | ၄၉၀၀ | ၁၅၄ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# KNU ၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ - ဝေါလေ ကားလမ်းတစ်လျှောက် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၈

**KNU ၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသ တစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက်တို့အား တပ်မတော်စစ်ကြောင်းများက ယနေ့တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။**

ဖြစ်စဉ်မှာ KNU ၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသ တစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက်အား ၂၀၂၂ ခုနှစ် မေလမှ စတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။ ထိုသို့ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် အဆိုပါဒေသအား တပ်မတော်စစ်ကြောင်းများက အဆင့်ဆင့် ပြန်လည်ထိန်းချုပ်တိုက်ခိုက်ခဲ့ရာ ယနေ့တွင် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ KNU ၊ KNLA မှ အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကျေးရွာများအတွင်း ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်မှုကြောင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိရာ ယခုအခါ တပ်မတော်စစ်ကြောင်းများက အဆိုပါ ဒေသတစ်ဝိုက်အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းလျက်ရှိနေပြီဖြစ်သဖြင့် ထွက်ပြေးတိမ်းရှောင်နေသူများအနေဖြင့် မိမိဒေသသို့ပြန်လည်အခြေချနေထိုင်နိုင်ရေး အသံချဲ့စက်များဖြင့် ကရင်ဘာသာ၊ မြန်မာဘာသာများဖြင့် ဖိတ်ခေါ်လျက်ရှိပြီး ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




❖*ကျောဖုံးမှ*

ထိုသို့ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အင်ကြင်းကုန်းကျေးရွာအတွင်း KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်နေထိုင်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ကျေးရွာသားအချို့က လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ်အကြောင်းကြားသတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၇ ရက် ၈ နာရီ မိနစ်၅၀ ခန့်တွင် အဆိုပါကျေးရွာသို့သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်အဖွဲ့များသည် ကျေးရွာ၏ အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာသွားစဉ် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် အလုံး ၄၀ မီးလောင် ဆုံးရှုံးခဲ့ကြောင်း သိရသည်။




စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အင်ကြင်းကုန်းကျေးရွာနှင့် ဆူးပုတ်ချောင်းကျေးရွာတို့ရှိ လူနေအိမ်များအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ

အလားတူ ထီးချိုင့်မြို့နယ် ဆူးပုတ်ချောင်းကျေးရွာသို့ နိုဝင်ဘာ ၂၆ ရက် နံနက် ၆ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ကျေးရွာ၏ အနောက်တောင်ဘက်မှ ရောက်ရှိလာပြီး ကျေးရွာသူ/ကျေးရွာသားများအား စုဝေး၍ ရွာပြင်သို့ထွက်ရန် အကြမ်းဖက်ခြိမ်းခြောက်ပြောဆိုပြီး ကျေးရွာအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ရာ မီးလောင်မှုကြောင့် လူနေအိမ် အလုံး ၄၀၊ လက်တွန်းထွန်စက်ခြောက်စီး၊ စပါးခြွေလှေ့စက်တစ်လုံး၊ မော်တော်ဆိုင်ကယ် အစီး ၂၀၊ မီးစက်နှစ်လုံးနှင့် စပါးများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၄၈ လုံး၊ မကွေးတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၈ လုံးနှင့်ချင်းပြည်နယ်အတွင်း အိမ်ခြေအလုံး ၂၂၀ နှင့် ကချင်ပြည်နယ်အတွင်း အိမ်ခြေအလုံး ၃၀ ရှိပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့် မီးဘေးသင့်ပြည်သူများသည် ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဆွေမျိုးများ၏ နေအိမ်များ၌ နေထိုင်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများ၏ မီးရှို့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဆူးပုတ်ချောင်းကျေးရွာ မီးလောင်နေမှုကို တွေ့ရစဉ်။

○*ကျောဖုံးမှ*

ကင်မရွန်းနှင့် ဆားဘီးယားအသင်းတို့ပွဲစဉ်တွင် အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ဦးဆောင်ဂိုးကို ကင်မရွန်းအသင်းက ပွဲချိန် ၂၉ မိနစ်တွင် ရရှိခဲ့ပြီး ကက်စတဲလက်တိုက သွင်းယူပေးခဲ့သည်။

အသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန် ၆၃ မိနစ်နှင့် ၆၆ မိနစ်တွင် အဘူဘာကာနှင့် ချူပိုမိုတင်း တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆားဘီးယားအသင်းအတွက် ဂိုးများကို ပွဲချိန် ၄၅ မိနစ်တွင် ပါလိုဗစ်၊ ပထမပိုင်း နာကျင်အချိန်ပိုတွင် မီလန်ကိုဗစ် ဆာဗစ်နှင့် ပွဲချိန် ၅၃ မိနစ်တွင် မီထရိုဗစ်တို့က သွင်းယူပေးခဲ့သည်။

ယခု ပွဲသရေကျမှုကြောင့် ကင်မရွန်းက နှစ်ပွဲကစားပြီး တစ်မှတ်ရရှိထားသလို ဆားဘီးယားကလည်း နှစ်ပွဲကစားပြီး တစ်မှတ်ရရှိထားသည်။

တောင်ကိုရီးယားနှင့် ဂါနာအသင်းတို့ ပွဲစဉ်တွင်လည်း အပြန်အလှန် သွင်းဂိုးများဖြင့် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ဂါနာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်၊ ၃၄ မိနစ်နှင့် ၆၈ မိနစ်တွင် ဆာလီဆုနှင့် ကူဒုစ်တို့က သွင်းယူပေးခဲ့သည်။

တောင်ကိုရီးယား အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၈ မိနစ်နှင့် ၆၁ မိနစ်တွင် ချိုဂီဆောင်က သွင်းယူပေးနိုင်ခဲ့သည်။

တောင်ကိုရီးယားအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် နှစ်ပွဲကစားပြီး တစ်မှတ်သာ ရရှိသေးသည်။

ဂါနာအသင်းက ယခုအနိုင်ပွဲကြောင့် နှစ်ပွဲကစားပြီး သုံးမှတ်ရရှိထားပြီဖြစ်သည်။

**အောင်ဇော်**



## တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်လမ်းနှင့် ကျေးလက်တံတားများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

ထားဝယ် နိုဝင်ဘာ ၂၈

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးခင်ကျော်က တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)များ၊ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)များမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် ပထမခြောက်လပတ်ကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေနေများနှင့် ဆက်လက်စီမံဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၁၂၇၆ ဒသမ ၁၅၀ ဖြင့် ကျေးလက်လမ်း ခုနစ်လမ်း၊ လမ်းမိုင်ခုနစ်မိုင် ခုနစ်ဖာလုံနှင့် ကျေးလက်တံတား နှစ်စင်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၂၅၇၆ ဒသမ ၂၄၁၅ သန်းဖြင့် ကျေးလက်လမ်း ၆၃ လမ်း၊ လမ်းမိုင် ၇၇ မိုင် ခုနစ်ဖာလုံနှင့် ကျေးလက်တံတား ၆၇ စင်းကို ကျေးလက်ပြည်သူလူထုအတွက် အထောက်အကူပြုရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉) စမိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့ (အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း) တင်ဒါအမှတ်စဉ်( ၆ )

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊တည်ဆောက်ရေး(၉)မှ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်အတွင်းရှိ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ရေငန်တားတာများ ပုံစံကျ အခိုင်အမာပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သောစံချိန်စံညွှန်းမီအရည်အသွေးပြည့်ဝသည့်ဒီဇယ်ဆီ(H.S.D)များအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၂၉-၁၁-၂၀၂၂ ရက် |
| အိတ်ဖွင့်တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန် | - | ၉-၁၂-၂၀၂၂ ရက် ညနေ(၄:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းခြင်းပိတ်မည့်ရက်/အချိန် | - | ၁၂-၁၂-၂၀၂၂ ရက် ညနေ(၄:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့် ရက် / အချိန် | - | ၁၃-၁၂-၂၀၂၂ ရက် နေ့လည် ( ၁:၀၀) နာရီ |
| အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ | - | တည်ဆောက်ရေး(၉)၊ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ဆည်မြောင်းရိပ်သာ၊ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |

၂။ တင်ဒါလျှောက်လွှာများကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စမိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၁-၆၆၄၇၆၇၊ ၀၁-၆၆၄၅၁၃ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/6161 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀/တိုးချဲ့)၊မြေကွက်အမှတ်၂၇၀၆၊အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးမျိုးမြင့်အောင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးကျော်ကျော်ဦး ၉/သစန(နိုင်)၁၃၀၇၅၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်တင် ၁၂/လမန(နိုင်)၀၃၇၇၁၃ကဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်တင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန်(LL.B)(LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၃၄၆၇၉)**
**အမှတ် ၆၊ ၄-လွှာ(ယာ)၊ ၁၂၃လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## လုပ်ငန်းအမှတ်တံဆိပ်များအသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အမှတ် (၈၃၅)၊ ဦးပိုင်အမှတ် (၄၀/ခ)၊ ၄၄-လမ်းနှင့် ၄၅-လမ်းကြား၊ ၈၂-လမ်း၊ အမှတ် (၇၁၁)နေ ဒေါ်အေးချယ်ရီထွန်း (ဘ) ဦးထွန်းထွန်း ၉/မဟမ(နိုင်)၀၃၁၁၆၃ နှင့် ဒေါ်အိသဇင်ထွန်း (ဘ) ဦးထွန်းထွန်း၊ ၉/မဟမ(နိုင်)၀၃၁၁၆၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

EDU BRIDGE

စာချုပ်အမှတ်(၆၄/၂၀၂၂)
(2022 Nice Classification-41)

Thazin & Cherry
ENGLISH TRAINING CENTRE

စာချုပ်အမှတ်(၆၅/၂၀၂၂)
(2022 Nice Classification-41)

အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်များသည် ဒေါ်အေးချယ်ရီထွန်းနှင့် ဒေါ်အိသဇင်ထွန်းတို့၏ မူလတီထွင်ဖန်တီးထားသည့် မူပိုင်အမှတ်တံဆိပ်များဖြစ်ပြီး အင်္ဂလိပ်စာဘာသာရပ်သင်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ ဘာသာစကား သင်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ ပညာရေးဆိုင်ရာသင်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ ပညာရေးနှင့်ဆက်နွှယ်သော လုပ်ငန်းများလုပ်ကိုင်ခြင်းနှင့် Online Education Centre များဖွင့်လှစ်ခြင်းစသည့်လုပ်ငန်းများတွင်လည်း အသုံးပြုသွားမည့်လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများ ဖြစ်ပါသည်။ ၎င်းအမှတ်တံဆိပ်များကိုသက်ဆိုင်ရာ မူပိုင်ခွင့်ဌာနတွင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၃ နှင့်အညီ မှတ်ပုံတင်သွင်းသုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားများနှင့် စာလုံးဒီဇိုင်း၊ ပုံစံတံဆိပ်များ၏ အမည်အမှတ်အသားများအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပသုံးစွဲခြင်း၊ ပြုလုပ်ခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်စေရန် အသုံးပြုခြင်း၊ မပြုလုပ်ရန်နှင့် အကယ်၍ ထိုသို့ ပြုလုပ်သုံးစွဲမည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မျိုးသက် (LL.B,LL.M,M.Res)**
**အထက်တန်းရှေ့နေ (စဉ် - ၃၃၇၄၀)**
**အမှတ်(၄၂၈/က)၊ ဇာနည်(၁၁)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၉၅၆၉၄၂၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်(သံဒင်း)၊ မြေတိုင်းရပ်ကွက် အမှတ်(၄၆)၊ မြေကွက်အမှတ်(၈၅၆)၊ ဘိုကလေး (၄)လမ်း၊ (၂၀)ရပ်ကွက်ဟု ခေါ်တွင်သော ဦးနေဝင်းအမည်ပေါက် မြေချပါမစ် (ပေ ၄၀ x ပေ ၆၀) မြေကွက်ထဲမှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော (ပေ ၂၀ x ပေ ၆၀)မြေကို ကျွန်ုပ်၏မိတ်ဆွေ ဦးစောအယ်ဂေါ် ၁၄/ကကထ (နိုင်)၁၆၂၈၆၀ (ဘ) ဦးစိန်တောက လက်ထိလက်ရောက်ဝယ်ယူခဲ့ပြီး ယနေ့တိုင် ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ အဆိုပါမြေနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ မြေယာမြေစီမံခန့်ခွဲမှုဌာနတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဦးစောအယ်ဂေါ် အမည်ပေါက် ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤသတင်းစာတွင်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပေါက်ဆောင်ရွက်မှုကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးစောအယ်ဂေါ်** | **ဦးအောင်မိုး (ကော့မှူး)** | **ဒေါ်သိမ့်သိမ့်ထွန်း** |
| **၁၄/ကကထ(နိုင်)၁၆၂၈၆၀** | **(စဉ်-၈၂၃၇)** | **(စဉ်-၁၂၆၇၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**"ရွှေမိုးရိပ်" ဥပဒေအတိုင်ပင်ခံနှင့် ဥပဒေဆိုင်ရာအကျိုးဆောင်အဖွဲ့**
**ရုံး-အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊**
**သုခမှတ်တိုင်အနီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉ ၄၄၄၅၅၅၁၆၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၆/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်းနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ်(၆/၂၀၂၂)ကို ၂၈-၁၁-၂၀၂၂ ရက်မှ ၆-၁-၂၀၂၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးဖော်ပြထားပါသည်-

- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်) အမှတ်-(၁၃၅)ဓမ္မစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မန္တလေး) အမှတ်-(၁၆၉) ၈၃လမ်း ၂၅ x၂၆လမ်းကြား အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ် မန္တလေးမြို့ ဖုန်း ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်) ရွှေတောင်ရပ် အထက်လမ်းမကြီးဘေး မော်လမြိုင်မြို့ ဖုန်း ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (တောင်ငူ) အမှတ် (၁၈)ရပ်ကွက် စည်သူလမ်း ဘူတာအနီး တောင်ငူမြို့ ဖုန်း၀၅၄-၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား) အမှတ်(၉၂) ရှမ်းစုမြောက်ရပ်ကွက် မြစ်ကြီးနားမြို့ ဖုန်း ၀၇၄-၂၅၂၂၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)ကျုံကူကျေးရွာ ဖျာပုံ - ဘိုကလေးကားလမ်းဘေး ဖျာပုံမြို့ ဖုန်း ၀၉-၄၅၅၇၈၈၀၂၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ပုသိမ်) အမှတ်-(၂) ရပ်ကွက် မင်းကြီးလမ်း ပုသိမ်မြို့ ဖုန်း ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (စစ်တွေ) မေယုလမ်း (လေယာဉ်ကွင်းအနီး) မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့ ဖုန်း ၀၄၃- ၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရှာင်း) အမှတ်-(၈၂)အင်းကုန်းငါးဆူကျေးရွာအုပ်စု အင်းကုန်းကျေးရွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာင်းမြို့ ဖုန်း ၀၉- ၇၈၁၁၁၆၂၇၂
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်) အကွက်အမှတ် (၂၄) ဆန်ချီအနောက်ကွင်း ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဖုန်း ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၇၃ ဆူ | ၂၄၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၃ ခန်း | ၃၉၂ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၈ တိုင် | ၂ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၂ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၅ ကျင်း | ၂၀၅၄. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၅ ကျင်း | ၁၉၃. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၃၉ ကျင်း | ၁၅၉၇. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၄၀ စုံ | ၂၆၀ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊သဃ်္ဃန်းကျွန်းမြို့နယ်၊ကျိုက္ကဆံ ဘုရားလမ်း၊ (ဆ/က)ရပ်ကွက်၊ အမှတ် ၁၄၃၊ ငါးလွှာနေ ဒေါ်ရွှေစင် (ဘ)ဦးကိုလေး ၉/မရတ(နိုင်)၁၀၄၄၉၉ မှ ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၉လမ်း၊ အမှတ် ၂၆နေ ဦးဇော်ဝင်းထွဋ်(ဘ)ဦးကိုလေး ၉/မရတ(နိုင်) ၀၀၇၇၃၃အား ၃-၁၁-၂၀၂၁ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၆၀၈/၂၀၂၁ ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၎င်းအထွေထွေကိုယ်စား လှယ်လွှဲစာအား ဆက်လက်အသုံးမပြုလိုတော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေစင်**
**၉/မရတ(နိုင်)၁၀၄၄၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွာမရပ်)၊ မင်္ဂလာဒီပရပ်ကွက်မှ မြေရေိယာ(၀ဒသမ၀ ၅၅)ကေရှိ မြေကွက်အမှတ် (ပ-၄၃၆၁) ၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးဝင်းဇော်ဌေး ၉/ပမန(နိုင်) ၂၀၂၉၁၆(ဘ)ဦးကျော်အေးမှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက် မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက် မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/32006 Dayang-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဗလ ၈/တတက(နိုင်)၂၅၄၂၄၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၉၈၉၇၂, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကြူ ၆/သရခ(နိုင်)၀၈၀၁၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/8672 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းနိုင် ၁၂/လကန(နိုင်) ၁၄၈၃၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၂၈၁၉, Honda Wave NF-110M ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်စိန် ၆/ထဝန(နိုင်)၀၆၂၅၈၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/50846 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၁၄/ဓလန(နိုင်) ၀၅၃၆၈၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ဝင်းခနိမ်ကျေးရွာအုပ်စုနေ ဦးဝင်းနိုင်၏သား ကိုကျော်ကျော် ၇/ရကန(နိုင်)၀၅၃၉၉၇ အား ကိုဟိန်းတေဇ ဟု ပြောင်းလဲခေါ်ပါရန်။

**ကိုဟိန်းတေဇ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ရှမ်းဝိုင်းသစ်၊ ဦးပိုင်(၁၉၅)၊ရေိယာ ၀ဒသမ ၁၆၂ ကေ အမည်ပေါက်သူ ဦးဖောဒေါ်လနန် အမည်မှ ဒေါ်ရှဒေါ်ကော့ ၁/ဗမန(နိုင်) ၀၀၄၆၉၇ အမည်သို့ အမည်ပြောင်း မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ရှဒေါ်ကော့**
**ဗန်းမော်မြို့**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

၆။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၄)ပုံ၊ ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူကို ပူးတွဲတင်ပြရမည်။

၇။ သင်တန်းဝင်ခွင့်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းရုံးခန်း (စာမေးပွဲဌာန/ကျောင်းသားရေးရာဌာန)တွင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(ဖုန်း-၀၉-၄၄၂၂၅၃၈၁၂၊ ၀၉-၉၇၆၅၃၅၆၅၆)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ်(၅၉)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်၊ (တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း(၁၂ပေခွဲx ပေ၅၀)ရှိ တိုက်ခန်းကို စာချုပ်အမည်ပေါက်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရသည်ဟု အဆိုပြုသူဦးသန်းမြင့် (BGE-200298) ၁၂/တမန(နိုင်)၀၅၈၃၀၁ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ရီရီတင် ၁၂/ဒပန(နိုင်)၀၀၃၇၂၂မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဘူမောင် (LL.B)(စဉ်-၂၂၇၄၇)** **ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**

**အထက်တန်းရှေ့နေများ**

**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ဦးစိုးကျော်ကျော်ထွန်းနှင့်အများသိစေရန်

ဦးအောင်ကျော်စိုး ၈/ရစက(နိုင်)၀၄၈၈၇၁ ပိုင်ရေယာဉ် (တွဲ-၁၁၁၂-/CBR 0329)ကို ဦးစိုးကျော်ကျော်ထွန်း ၁၂/တမန(နိုင်)၁၁၉၁၆၂ အား ငွေကျပ်(နှစ်ထောင့်ရှစ်ရာ)သိန်းဖြင့် ရောင်းချရန် (၁၁-၁၁-၂၂) ရက်တွင် စရန်ပေးကတိစာချုပ်ချုပ်ဆိုခဲ့ပါသည်။ စရန်ငွေကျပ်သိန်း(တစ်ရာ)ကျပ် တိတိကိုရယူထားပြီး ကျန်ငွေကို အပြေအကျေပေးချေရန် စာချုပ်တွင်ပါရှိပါသည်။ သို့ပါ၍ ကျန်ငွေသိန်း (နှစ်ထောင့်ခုနှစ်ရာ)ကို (၇-၁၂-၂၂)ရက်နောက်ဆုံးထား၍ ပေးအပ်ပါရန်နှင့် ပေးအပ်ရန် ပျက်ကွက်ပါကစာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်ကျော်စိုး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထက်ဇော်လင်းဦး(LL.B) အထက်တန်းရှေ့နေ**
**(စဉ်-၅၄၅၀၈/၂၅-၁၁-၂၀၂၁)**
**အမှတ်(၂၁၅/၂)၊ ပ-ထပ်၊ ၃၆လမ်း(အထက်)၊**
**၃ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၇၆၄၆၂၀၂၀**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော အိမ်ရာများ၊ ယာယီမြေရှင်အဖြစ်ဆောင်ရွက်သော တိုက်ခန်းများအား ကန်ထရိုက်တာထံမှလည်းကောင်း၊ အမည်ပေါက်ကွယ်လွန်၍ ဇနီးထံမှလည်းကောင်း အမည်ပေါက် ဖခင်ကွယ်လွန်၍ သားသမီးများထံမှလည်းကောင်း၊ တိုက်ခန်းနေရာချထားခြင်းလက်မှတ်အမည်ပေါက်ထံမှလည်းကောင်း၊ တိုက်ခန်းနေရာချထားခြင်းလက်မှတ် အမည်ပေါက်ထံမှ ဝယ်ယူထားသူမှအဆင့်ဆင့်မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့်လည်းကောင်း၊ အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်ဝယ်ယူထားသူများကလည်းကောင်း ၎င်းတို့၏ အမည်ဖြင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးမြင့်ဦး ၁၂/ပဇတ(နိုင်)၀၂၁၀၁၃(ကွယ်လွန်)(ကစ) ဒေါ်ချို ၇/ဝမန(နိုင်)၀၉၈၇၁၉(မှ) | ဦးဇော်မင်းဦး ၁၂/ပဘတ(နိုင်)၀၂၉၆၆၆ | တိုက်အမှတ်(၁၉)၊ အခန်းအမှတ်(ဘီ-၂)၊ (၅၅)လမ်း၊ ပုဇွန်တောင်မြို့နယ်။ |
| ၂။ | ကန်ထရိုက်တာဦးမောင်ကလေး LC-787(ကစ) ဒေါ်ဘေဘီ(ခ)လှစိန် ၁၂/ဗတထ(နိုင်)၀၂၈၄၁၀(မှ) | ဒေါ်လှဲ့လှဲ့အေး ၁၂/ဗတထ(နိုင်)၀၀၀၃၄၉ | တိုက်(၁၃၄/၁၃၈)၊ အခန်း(၄လွှာ/ဘီ)(၄၁)လမ်း၊ ဗိုလ်တထောင်မြို့နယ် |
| ၃။ | ဦးတင်ဖေ ၁၂/ကမတ(နိုင်)၀၀၈၄၃၀(ကွယ်လွန်)(ကစ)ဒေါ်ရင်ရွှေ ၁၂/ကမတ(နိုင်)၀၀၈၄၅၉၊ ဒေါ်မြင်း ၁၂/ကမတ(နိုင်)၀၀၈၀၀၉၊ ဒေါ်ခိုင်ခိုင်ဝင်း ၁၂/ကမတ(နိုင်)၀၀၈၄၇၂၊ ဒေါ်ဥမ္မာဝင်း ၁၂/ကမတ(နိုင်)၀၀၀၃၆၀(မှ) | ဒေါ်သန္တာဝင်း ၁၂/ကမတ(နိုင်)၀၆၄၉၆၆ | တိုက်(၁)၊ အခန်း(၈)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၄။ | ဒေါ်စန်းဝင်း ၁၂/လမတ(နိုင်)၀၂၁၆၄၇(မှ) | ဦးစောနိုင် ၆/ပလန(နိုင်)၀၂၅၀၆၈ | တိုက်(၈)၊ အခန်း(၁၀)၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်။ |
| ၅။ | ဂမုန်းပွင့်ကုမ္ပဏီလီမိတက်(ကိုယ်စား) ဒါရိုက်တာဦးနေလင်းဦး ၁၂/ကမရ(နိုင်)၀၂၈၀၆၃(မှ) | ဦးပြည့်ဖြိုးအောင် ၁၂/ဒဂန(နိုင်)၀၀၁၈၈၅ ဒေါ်ခိုင်မမဆွေ ၁၂/ရကန(နိုင်)၀၆၁၃၁၇ | တိုက်ခန်းအမှတ်(6L)၊ ကမ္ဘာအေးကွန်ဒိုမီနီယံအိမ်ရာ၊ မရမ်းကုန်းမြို့နယ်။ |
| ၆။ | ဂမုန်းပွင့်ကုမ္ပဏီလီမိတက်(ကိုယ်စား) ဒါရိုက်တာဦးနေလင်းဦး ၁၂/ကမရ(နိုင်)၀၂၈၀၆၃(မှ) | ဒေါ်ခိုင်မမဆွေ ၁၂/ရကန(နိုင်)၀၆၁၃၁၇ | တိုက်ခန်းအမှတ်(8C)၊ ကမ္ဘာအေးကွန်ဒိုမီနီယံအိမ်ရာ၊ မရမ်းကုန်းမြို့နယ်။ |
| ၇။ | ဦးဝင်းလွင်ထွန်း ၁၂/စခန(နိုင်)၀၆၄၂၂၇(မှ) | ဦးအောင်မိုး ၁/မညန(နိုင်)၀၇၅၃၈၆ | တိုက်(C-1)၊ အခန်း(101)၊ ဗိုလ်ဗထူးအိမ်ရာ၊ (Phase-1)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ |
| ၈။ | ဒေါ်လှသဇင်ငြိမ်း ၇/ဖမန(နိုင်)၀၀၃၈၈၂(မှ) ဒေါ်တင်တင်စိုး ၁၂/ဒဂန(နိုင်)၀၂၆၈၉၁(မှ) | ဦးထွန်းပြည့်စိုး ၁၀/မဒန(နိုင်)၁၇၈၃၈၇ | တိုက်(B-3)၊ အခန်း(၄၀၅)၊ ဟံသာဝတီအိမ်ရာ၊ တောင်ဥက္ကလာပမြို့နယ်။ |
| ၉။ | ဦးရဲထူးအောင် ၁၁/စတန(နိုင်)၀၀၆၄၅၂ | အဆောက်အအုံနေထိုင်ခွင့် စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် | တိုက်(၆၁)၊ အခန်း(၃/မြေညီ)၊ ပါရမီအိမ်ရာ၊ မရမ်းကုန်းမြို့နယ်။ |
| ၁၀။ | ဦးတင်ဝင်း ၁၂/သကတ(နိုင်)၀၁၂၇၃၆ ဒေါ်နွဲ့ရီ ၁၂/သကတ(နိုင်)၀၁၂၇၁၇(မှ) ဒေါ်သိန်းကြည် ၁၂/ကတတ(နိုင်)၀၀၇၃၆၈(မှ) ဒေါ်မြင့်မြင့်စိုး ၁၂/ကတတ(နိုင်)၀၀၇၂၃၇ ဒေါ်ခင်ဝါ ၁၂/ကတတ(နိုင်)၀၀၇၃၆၉(မှ) ဒေါ်မြင့်မြင့်စိုး ၁၂/ကတတ(နိုင်)၀၀၇၂၃၇(မှ) | ဦးဘုန်းမြင့် ၁၂/ကတတ(နိုင်)၀၂၆၉၁၄ | တိုက်(A-3)၊ အခန်း(၀၀၆)၊ ရှုခင်းသာအိမ်ရာ၊ သာကေတမြို့နယ်။ |
| ၁၁။ | ဂမုန်းပွင့်ကုမ္ပဏီလီမိတက်(ကိုယ်စား) ဒါရိုက်တာဦးမြတ်သူ ၁၂/ဒဂန(နိုင်)၀၁၅၈၉၉(မှ) | ဦးကောင်းဆက်သုဏ် ၁၂/မရက(နိုင်)၁၅၆၁၉၈ | တိုက်ခန်းအမှတ်(3GH)၊ ကမ္ဘာအေးကွန်ဒိုမီနီယံအိမ်ရာ၊ မရမ်းကုန်းမြို့နယ်။ |
| ၁၂။ | ဦးရဲမြင့်ဖေ ၁၂/မရက(နိုင်)၀၃၁၈၀၄(မှ) | ဒေါ်မြစိုး ၁၂/လကန(နိုင်)၀၅၂၅၂၈ | တိုက်(H)၊ အခန်းအမှတ်(၂၀၂)၊ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ၊ ရန်ကင်းမြို့နယ်။ |
| ၁၃။ | ကန်ထရိုက်တာဦးအောင်ဇော်ဝင်း(ကစ) ဦးကျော်ဝင်း၊ မန်နေဂျာ(စီမံ)(ရှိုင်းဆောက်လုပ်ရေး)(မှ) ဦးထောင်းဂိုးခုပ် ၄/တတန(နိုင်)၀၀၉၃၄၂(မှ) | ဦးအောင်မျိုးဟိန်း ၁၂/ပဘတ(နိုင်)၀၃၄၃၇၇ | တိုက်(၁၄၁)၊ အခန်း(၅လွှာ/ယာ)၊ (၂၆) လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| ၁၄။ | ဦးကျော်ကျော်မိုး ၁၂/သဃက(နိုင်)၀၁၃၀၀၉(မှ)၊ ဒေါ်နှင်းသန္တာစိုး ၁၂/မရက(နိုင်)၁၀၈၄၉၀(မှ) | ဦးသီဟ ၉/ဝတန(နိုင်)၁၀၆၃၂၁ | တိုက်(၂၂)၊ အခန်း(၁၁)၊ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။ |
| ၁၅။ | ဦးတင်မောင် AH-၁၂၀၃၂၁(မှ) | ဦးတင်မောင်အေး ၁၁/စတန(နိုင်)၀၄၈၆၇၈ | တိုက်(၂၃)၊ အခန်း(၂၂)၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ လှိုင်မြို့နယ် |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/8185 Skat LFJ3048GI ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဦး ၉/မလန(နိုင်)၀၄၇၁၀၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အိမ်အမှတ်(၉၂၈)၊ မြေတိုင်းရပ်ကွက်(၃၁)၊ မြေကွက်အမှတ်(၉၂၈)ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၅၅၊ (ပေ၄၀x ပေ၆၀)အကျယ်အဝန်းရှိ မြေနှင့် မြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကျော်ဇင်လတ် ၁၀/ပမန(နိုင်)၁၃၄၅၇၆က တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သူ ၁၂/ခရန(နိုင်)၁၀၇၇၆၉ နှင့် ဒေါ်ခိုင်သီရိအောင် ၁၃/ကလတ(နိုင်)၀၃၃၈၅၈ တို့က ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် နေအိမ်အဆောက်အအုံ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဆောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၆၁/၈-၁၀-၂၀၀၄)**
**တိုက်အမှတ်(၅၅၀)၊ အခန်းအမှတ်(၂၀၁)၊**
**ရွှေဝါလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၇၆၆၂၄၅**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
## ရုံးအမှတ်(၃၂)၊ နေပြည်တော်
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော စိစစ်ရေးမှူး-၂ (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၂၅)နေရာနှင့် ရုံးအကူ(လစာနှုန်း ကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)ရာထူး(၃)နေရာတို့အတွက် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ ဦးရေ | ပညာအရည်အချင်း | ဘာသာရပ်အလိုက် ခန့်ထားမည့်ဦးရေ |
|---|---|---|---|
| (က) | စိစစ်ရေးမှူး-၂(၂၅)ဦး | - စီးပွားရေးပညာဘွဲ့ (စီးပွားရေးဆိုင်ရာ ဘာသာရပ်) | (၆)ဦး |
| | | - အင်ဂျင်နီယာဘွဲ့ (အင်ဂျင်နီယာဘာသာရပ်) | (၆)ဦး |
| | | - သိပ္ပံဘွဲ့(ကွန်ပျူတာဘာသာရပ်) | (၄)ဦး |
| | | - တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ | (၉)ဦး |
| (ခ) | ရုံးအကူ(၃)ဦး | - တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ | (၃)ဦး |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အမှတ်စဉ်(က)အတွက် ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် အသက်(၃၀) နှစ်၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက ၃၀-၁၂-၂၀၂၂ ရက်နေ့တွင် (၃၅) နှစ်အထက်မကျော်လွန်သူ၊ အမှတ်စဉ်(ခ) အတွက် ၃၀-၁၂-၂၀၂၂ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်အထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website https://www.mopf.gov.mm တွင် Download ရယူနိုင်ပြီး လျှောက်လွှာတွင်ပါရှိသော အချက်များကို ပြည့်စုံစွာ ရေးသွင်းရမည်။ (လျှောက်လွှာရောင်းချ ခြင်း၊ ထုတ်ပေးခြင်းမပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
- (က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် လိုင်စင် (ကာလာ) ဓာတ်ပုံ (၃)ပုံ၊ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (ခ) အမှတ်စဉ်(က)အတွက် ဘွဲ့လက်မှတ်မိတ္တူ/ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် လက်မှတ်မိတ္တူ၊ အမှတ်စဉ်(ခ)အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ၊ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် ကတ်ပြား မိတ္တူ(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊
- (င) ဝန်ထမ်းများအတွက် မိမိတာဝန်ထမ်းဆောင်နေသည့် ဌာန၏ ထောက်ခံချက်၊
- (စ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း၊
- (ဆ) လျှောက်လွှာ ပိတ်ရက်မတိုင်မီ (၁)လအတွင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ထောက်ခံစာမူရင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းမှ ထောက်ခံစာမူရင်း၊
- (ဇ) လာရောက်လျှောက်ထားသူများသည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal) ခံရသူများ မဖြစ်စေရ။ (ယခင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက (သို့မဟုတ်) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့ပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ ပူးတွဲတင်ပြရမည်။)
- (ဈ) အစိုးရဌာနတစ်ခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၂၉-၁၂-၂၀၂၂ ရက်နေ့ ရုံးချိန်အတွင်းနောက်ဆုံး ထား၍ ပေးပို့ရန်ဖြစ်သည်။

၆။ နိုင်ငံ့ဝန်ထမ်းများသည် လျှောက်လွှာ(၂)စုံကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာနစီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှု အစီရင်ခံရေးဦးစီးဌာနသို့ ၃၀-၁၂-၂၀၂၂ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့ရန် ဖြစ်သည်။

၇။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ ပညာအရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများကို စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

၈။ စိစစ်ရေးမှူး-၂ ရာထူး (၂၅) နေရာအတွက် လျှောက်ထားသည့် စာရွက်စာတမ်းများကို စိစစ်ပြီးပါက သတ်မှတ်ချက်အရည်အချင်းနှင့် ကိုက်ညီသူများသည် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကို ၇-၁-၂၀၂၃ ရက်နေ့(စနေနေ့)တွင် ဖြေဆိုရမည်ဖြစ်ပြီး၊ ဖြေဆိုခွင့် ကတ်ပြား များကို ၅-၁-၂၀၂၃ ရက်နေ့ နှင့် ၆-၁-၂၀၂၃ ရက်နေ့တို့တွင် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူရမည်ဖြစ်ပါသည်။ စိစစ်ရေးမှူး-၂ ရာထူး (၂၅) နေရာအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများကို ၁၄-၁-၂၀၂၃ ရက်နေ့နှင့် ၁၅-၁-၂၀၂၃ ရက်နေ့တို့တွင် လူတွေ့စစ်ဆေးခြင်းနှင့်ကွန်ပျူတာ လက်တွေ့စစ်ဆေးခြင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခြင်းခံရပါက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု အစီရင်ခံရေးဦးစီးဌာန(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်းနှင့် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၁၀။ စိစစ်ရေးမှူး-၂ ရာထူး (၂၅)နေရာအတွက် ရေးဖြေစာမေးပွဲဘာသာရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | မြန်မာစာ | (၂)နာရီမေးခွန်း |
| (ခ) | အင်္ဂလိပ်စာ | (၂)နာရီမေးခွန်း |
| (ဂ) | အထွေထွေဗဟုသုတ | (၂)နာရီမေးခွန်း |

၁၁။ ရုံးအကူ ရာထူး (၃) နေရာအတွက် လူတွေ့စစ်ဆေးခြင်းကို ၁၅-၁-၂၀၂၃ ရက်နေ့တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။ အမှတ်စဉ် (က)နှင့် (ခ)တို့အတွက် စာမေးပွဲ ဖြေဆိုသည့်ရက်များ ပြောင်းလဲမှုရှိပါက ဤဝန်ကြီးဌာန Website https://www.mopf.gov.mmတွင် ထုတ်ပြန် ကြေညာခြင်း၊ ဖြေဆိုခွင့်ရရှိသူများထံ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၁၂။ စာမေးပွဲ အောင်မြင်ပြီးသူများ၏ အမည်စာရင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန Website https://www.mopf. gov.mm တွင် ထုတ်ပြန်ကြေညာသွားပါမည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၀၆၀၆၆၊ ၀၆၇-၃၄၀၆၀၆၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန**

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃၇

| | | |
|---|---|---|
| ဦးမောင်ချို | **နှင့်** | ဗိုလ်မှူး ချစ်သိန်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်(ယ-၂/၄၅) နေ (ဘ) ဦးအောင်ခ၏ သား ဦးချစ်သိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်ချိုမှ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၂)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ ဂရန်မြေကွက်နှင့်ပတ်သက်၍ တရားလိုနှင့် တရားပြိုင်တို့ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုခဲ့ကြခြင်းနှင့်စပ်လျဉ်း၍ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၆ ရက် (၁၃၈၄ခုနှစ် နတ်တော်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြည်ပြာဆင့်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းထက်မြတ်(ခ)ဦးသန်းဝင်း ၁၂/သဃက(နိုင်) ၀၀၄၂၂၇ Managing Director of HMMT Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးစိုင်းထက်မြတ် (ခ) ဦးသန်းဝင်းအမည်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော အခြားမည်သည့်နည်းလမ်းများနှင့်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေသော၊ ညှိုးနွမ်းစေသောမည်သည့် အရေးအသား၊ အပြုအမူဖော်ပြချက်တစ်စုံတစ်ရာကို မဆို ၎င်းနှင့်ပတ်သတ်သော အသိုင်းအဝိုင်းပတ်ဝန်းကျင်တွင်ဖြစ်စေFacebook စာမျက်နှာပေါ်လည်းကောင်း၊ Facebook Comment များတွင်လည်းကောင်း၊ Messenger, Viber အစရှိသော ဆက်သွယ်မှု ကွန်ရက်များမှလည်းကောင်း၊ ရိုင်းစိုင်းသော အပြောအဆိုအရေးအသားများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရေးသားခြင်း၊ လူမှုရေး Website ဂျာနယ်၊ သတင်းစာမျက်နှာတစ်စုံတစ်ရာပြုလုပ်ခြင်း၊ ဖန်တီးခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ခြင်းများကို တွေ့ရှိပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှအိဖြူ**
**အထက်တန်းရှေ့နေ(စဉ်-၄၉၈၂၇)**
**ဒေါ်ဆွေဆွေအောင်**
**အထက်တန်းရှေ့နေ(စဉ်-၃၁၅၀၇)**
**ဖုန်း-၀၉-၄၅၄၁၁၉၈၃၉**

## အများသိစေရန်ကြေညာချက်

၁။ ဒေါပုံမြို့နယ်၊ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်(က-၆၇)၊ အမှတ်(၁၃)တွင် (၂)ခန်းတွဲ(၆)ထပ်တိုက်(Pitch Roof)အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဒေါ်သင်းသင်းစိုး၊ လိုင်စင်ရကန်ထရိုက်တာ ဦးအာမက်(LC-936)၊ မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဒေါ်ညိုညိုဝင်း(RSE-0023) တို့ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ၃-၇-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁၁၃၉/၁၁၄၀/စည်ပင်-ယာ(အုံ)ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေး ပါရန် မြေရှင်၊ လိုင်စင်ရကန်ထရိုက်တာ (LC)နှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာတို့မှ အင်ဂျင်နီယာဌာန(အဆောက်အအုံ) သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ (၁၀)၊ သဲအင်းဂူလမ်းနေ ဦးစံပို၏သား ဦးမြင့် ၅/ခဥန(နိုင်)၀၀၅၁၄၈၊ ဗုဒ္ဓဘာသာကိုးကွယ်သူမှ အောက်ပါအတိုင်း ကျမ်းကျိန်ဆိုပါသည်-

ကျွန်တော် ဦးမြင့်အနေဖြင့် ယခုနေထိုင်လျက်ရှိသော အိမ်ခြံမြေကွက်အား ၁၉၉၄ခုနှစ်တွင် ဒေါ်နုနုထွေးထံမှ ဝယ်ယူခဲ့ပါသည်။ အဆိုပါစာချုပ်မှာ နေအိမ်တွင် ပျောက်ဆုံးသွားပါကြောင်းနှင့် အဆိုပါ နေအိမ်ခြံဝန်းမှာ ကျွန်တော် ဦးမြင့်က ပိုင်ဆိုင်ပြီး ကျွန်တော် ဦးမြင့် မသိဘဲ တစ်ဦးတစ်ယောက်ကမှ လွှဲပြောင်းရောင်းချ၊ ပြောင်းလဲ၊ ပေါင်နှံခွင့်မရှိပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးမြင့်**
**၅/ခဥန(နိုင်)၀၀၅၁၄၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ ဥယျာဉ်တောင်ရပ်ကွက်၊ ညီညွတ်ရေးလမ်းနေ မထက်မြတ်သူ၏ ဖခင် ဦးမျိုးသိမ်း (ခ) ဦးမျိုးသိန်း ၁၄/ဟသတ(နိုင်) ၂၆၀၁၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးသိမ်း(ခ)ဦးမျိုးသိန်း**

## အမည်ပြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမက ၄က်ပျောတော (အေလာ)ကျောင်းGrade-4 မှ (ဦးကိုနိုင်)-ဒေါ်ကြည်သိန်း တို့၏သား မောင်ပြေဇင်သိန်းအား မောင်ဇင်မင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူလွင် ၅/ကလထ(နိုင်)၂၃၂၆၄၂ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၈၀၈၈၉၁၄**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/6802 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/1481 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6N/7029၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး ၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကြံခိုင်ရေးရပ်ကွက်၊ ကုမုဒြာ(၉)လမ်း၊ အမှတ်(၉)နေ ဦးဝင်းအောင် ၁၀/သဖရ(နိုင်) ၀၉၆၈၇၇၊ ဒေါ်တင်ရီ ၁၀/သဖရ(နိုင်) ၁၂၁၁၂၃တို့၏ သမီး မသဲဖြူဝင်း ၁၀/သဖရ(နိုင်) ၁၅၂၆၅၅ သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်သောကြောင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိဘများနှင့် မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းအောင်၊ ဒေါ်တင်ရီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်နေ ဒေါ်ခင်ဌေးဝင်း၏ခင်ပွန်း၊ မဖြူဖြူ မောင်သန်းထွန်းစိုး တို့၏ဖခင်၊ မထူးအိန္ဒြာလွင်၏အဘိုး ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) တက္ကသိုလ်ပညာရပ်အကြံပေးအဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာထွန်းအောင်သည် ၂၇-၁၁-၂၀၂၂ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၂နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့်အရာထမ်း၊ အမှုထမ်းမိသားစုများ**
**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာထွန်းအောင်သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသား/ကျောင်းသူများ**
**MPA 17th Batch (မိတ္ထီလာ)**

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၄၇

| | | |
|---|---|---|
| ဦးပေါလု(ခ)ဟောင်ခမ်း | **နှင့်** | ဒေါ်ရှင်(၎င်း၏ အထူးကိုယ်စားလှယ်ရသူ ဒေါ်ဒေါင်နန်း) |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ချမ်းမြသာစည်မြို့နယ်၊၅၄လမ်း၊မနော်ဟရီလမ်းထောင့်နေ(ဘ)ဦးစိန်၏ သမီးဖြစ်သူ ဒေါ်ရှင် ၁၃/လရန(နိုင်)၀၉၆၆၂၇ ၊ (၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဒေါင်နန်း)(ယခု နေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးပေါလု(ခ)ဟောင်ခမ်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၄)၊ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ ၀ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ ဒေါ်ရှင်(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်ဒေါင်နန်း) အမည်ပေါက် မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၉ ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာအထက်ကဆိုခဲ့သည့်ရက်တွင်သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ထွန်းကျော်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/7516 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4N/9785 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၃၈)၊ အကွက်အမည်(ကျားပုံမြောက်)၊မြေကွက် အမှတ်(၈၀)၊ဧရိယာ ၀ဒသမ ၁၀၄ ဧက၊ ဂရန်အမှတ်(၁၅၀၁)ရှိ အိမ်မြေကွက်ကို ဒေါ်ခင်ဌေး (NYHE-014795) အမည်ဖြင့် နှစ်(၃၀) ဂရန်အမည်ပေါက်ရရှိထားပြီး၊ အဆိုပါ အိမ်ခြံမြေကွက်ကို ကျွန်တော် ဦးဝင်းထွန်း ၁၄/ဖပန(နိုင်)၁၄၁၆၃၀ ထံသို့ နှစ်ဦးသဘောတူ အိမ်ခြံမြေကွက် အရောင်းအဝယ်ကတိစာချုပ်(အရပ်စာချုပ်)ဖြင့် အပြီးအပိုင် ရောင်းချခဲ့ရာ ကျွန်တော်က ဝယ်ယူခဲ့ပြီး လက်ရောက်ရရှိ ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါအိမ်မြေကွက်နှင့်စပ်လျဉ်းပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်း၊ ဂရန်အမည်ပြောင်းခြင်းများဆောင်ရွက်နိုင်ရန်အတွက် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ဦးဝင်းထွန်းထံသို့ ဆက်သွယ်အကြောင်းကြား၍ လာရောက်ပြုလုပ်ပေးပါရန်နှင့် ခုနစ်ရက်ကျော်လွန်သွားပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဝင်းထွန်း ၁၄/ဖပန(နိုင်)၁၄၁၆၃၀**
**အမှတ် ၈၀၊ ဘူတာရုံလမ်း၊ ရပ်ကွက်(၂)၊အေးသာယာမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင် အသက်(၆၀)နှစ်သည် ၂၇-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၀၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊**
**ဒုတိယဝန်ကြီးများနှင့်**
**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၏ အကြံပေးအဖွဲ့ဝင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင် အသက်(၆၀)နှစ်သည် ၂၇-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်ဝန်ထမ်းမိသားစု**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာ ဒေါ်သန်းရင်
### M.B.,B.S(Ygn),D.P.M(London) (ကထိက/ဌာနမှူး) စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး(ငြိမ်း)
### စိတ်ကျန်းမာ အထူးကု ဆရာဝန်ကြီး၊ ရန်ကုန် စိတ်ကျန်းမာ အထူးကု ဆေးရုံကြီး(ငြိမ်း)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ မရမ်းကုန်း(၇)ရပ်ကွက်၊ ခြံအမှတ်(၃၁-B)နေ (ဦးဘသိန်း-ဒေါ်ရင်)တို့၏သမီး၊ (ဒေါ်စန်းလွင်)(B.A,Ed.B.Ed၊ အထက်တန်းပြ-ငြိမ်း)၏ညီမ၊ ဒေါက်တာဒေါ်သန်းရင်သည် ၉၆ပါးသောရောဂါဖြင့် ၂၂-၁၀-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ ထွန်းအောင်သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**ကျောင်းသား/ကျောင်းသူများ**
**MPA 2nd Batch (နေပြည်တော်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင် အသက်(၆၀)နှစ်သည် ၂၇-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၀၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MBA-15th Batch(Nay Pyi Taw)**

# ဒေါက်တာ ထွန်းအောင်
## ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
## အသက်(၆၀)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဝင်းနေ ဒေါ်ခင်ငွေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူ၊ မောင်သန်းထွန်းစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မထူးအိန္ဒြာလွင်၏ ချစ်လှစွာသောအဘိုးသည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် မိတ္ထီလာမြို့၊ ထနောင်းကန်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ ထွန်းအောင်သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသား/ကျောင်းသူများ**
**MPA 3rd Batch (နေပြည်တော်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင် အသက်(၆၀)နှစ်သည် ၂၇-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၀၂ နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊**
**ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ**
**မုံရွာစီးပွားရေးတက္ကသိုလ်**

## ကျေးဇူးတင်လွှာ
## ဦးခင်မောင်လွင်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### Advisor (KMA Group of Company)
### အသက်(၇၉)နှစ်

၁၀-၁၁-၂၀၂၂ရက်တွင် ကွယ်လွန်သွားသော ဦးခင်မောင်လွင်၏ နာရေးသို့ လိုက်လံပို့ဆောင်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များ၊ (KMA Group of Company)မှ လုပ်ဖော်ကိုင်ဖက်များ၊ ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများအားလုံးနှင့် အဘက်ဘက်မှ ကူညီကြသောသူများကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်ဇေယျာထွန်း ၈/တတက(နိုင်)၂၄၅၀၀၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဝင်းနေ ဒေါ်ခင်ငွေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူ၊ မောင်သန်းထွန်းစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မထူးအိန္ဒြာလွင်၏ ချစ်လှစွာသောအဘိုး ဒေါက်တာထွန်းအောင် (ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်)သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၂ နာရီတွင် ကွယ်လွန်သွားပါကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့် ဝန်ထမ်းများ**
**Department of Commerce**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင် အသက်(၆၀)နှစ်သည် ၂၇-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**ပါမောက္ခချုပ်နှင့်ဆရာ/ဆရာမ၊ ဝန်ထမ်းများ**

## ဒေါ်မြင့်မြင့်အေး
### (SAT)(အထက်တန်းပြ-ငြိမ်း)
### အထက(ကင်းမော်)-သံတွဲ၊ အထက(၁)မှော်ဘီ၊ အထက(၂)သာကေတ
### အထက(၂) ဗိုလ်တထောင်
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးသိန်းမောင်-ဒေါ်မြမေ)တို့၏ သမီး၊(ဦးထွန်းညွှန့်-ဒေါ်တင်လှ)(အလပြ-ငြိမ်း)၊(ဒေါ်တင်တင်မြ- RTC (ငြိမ်း)၊ ဦးသန်းထွန်း(စာရင်းစစ်အရာရှိ-ငြိမ်း)တို့၏ညီမ၊ (ဦးကျော်ဗလ(ငယ်/ယာ-၁)-ဒေါ်ခင်ပြုံးရီ[ ဌာနစုမှူး(ခတု)ငြိမ်း၊(ခစရ)၊ ဦးမျိုးဝင်း(ဒု-လ/ထ ညွှန်မှူး-ငြိမ်း) (MPE)-ဒေါ်ညိုမီခင်မောင်ဦး SAT(ငြိမ်း)၊ ဦးအေးသန်း-ဒေါ်ခင်အုန်းမြင့် (အလပြ-ငြိမ်း၊ အမက-လှပဒါး-မှော်ဘီ)၊(ဦးသန်းငွေ-ဒေါ်ဆွေဆွေအေး)၊ ဦးကျော်မျိုးအောင်(အလုပ်ရုံမှူး၊ အမှတ် -၁ ရေနံချက်စက်ရုံ၊သန်လျင်)-ဒေါ်ဝင်းသန္တာထွန်း တို့၏အစ်မ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၄လမ်း၊ အမှတ် ၁၃/၁၉၊ဖလွှာ-စီနေ(ဦးစိုးကြည်-လက်/ထညွှန်ကြားရေးမှူး-ငြိမ်း)အခြေခံ(၃)၏ ချစ်လှစွာသောဇနီးသည် ၂၈-၁၁-၂၀၂၂ရက် (တနင်္လာနေ့)တွင် ရန်ကုန်ဆေးရုံကြီး(ဦးနှောက်နှင့်အာရုံကြောဌာန)၌ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(၅၄လမ်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန့်ဇော်ဦး ၁၁/ကဖန(နိုင်)၁၁၇၀၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၁၃၄၂၄၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးတက္ကသိုလ် ၂၀၁၉ ပညာသင်နှစ် ပထဝီဝင်ဘာသာရပ်(၄ပ-၈၀) ဖြင့် အောင်မြင်ခဲ့သူ မဖြူဖြူဝင်းနှင့် မဖြူဖြူလွင် ၁၃/တယန(နိုင်)၁၀၅၅၄၂ တို့မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ပါမောက္ခချုပ် ဒေါက်တာဦးထွန်းအောင်သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၂ နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုဝင်များနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**MBA 13th Batch မှတပည့်များ**
**(ပတ္တမြားဆောင်/2007-2009)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဝင်းနေ ဒေါ်ခင်ငွေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူ၊ မောင်သန်းထွန်းစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မထူးအိန္ဒြာလွင်၏ ချစ်လှစွာသော အဘိုးဒေါက်တာထွန်းအောင် ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၂နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းသက်လွင်ဦး ၁၃/တကန(နိုင်)၁၈၉၇၀၀၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၁၈၆၉၈၈**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဝင်းနေ ဒေါ်ခင်ငွေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူ၊ မောင်သန်းထွန်းစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မထူးအိန္ဒြာလွင်၏ ချစ်လှစွာသောအဘိုး ဒေါက်တာထွန်းအောင်(ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် )သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၂နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့(MBF-နေပြည်တော်)**
**သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသား၊ သင်တန်းသူများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာထွန်းအောင်
### ပါမောက္ခချုပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
### အသက်(၆၀)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဝင်းနေ ဒေါ်ခင်ငွေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မဖြူဖြူ၊ မောင်သန်းထွန်းစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မထူးအိန္ဒြာလွင်၏ ချစ်လှစွာသောအဘိုး ဒေါက်တာထွန်းအောင်(ပါမောက္ခချုပ်-မိတ္ထီလာစီးပွားရေးတက္ကသိုလ်)သည် ၂၇-၁၁-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၂ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်ဝန်ထမ်းများ**
**Department of Management Studies**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ထွန်းအောင်
### အသက်(၆၀)နှစ်

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ ထွန်းအောင် အသက်(၆၀)နှစ်သည် ၂၇-၁၁-၂၀၂၂ရက် မွန်းလွဲ ၂:၀၂နာရီတွင် ကွယ်လွန်ပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MBA-16th Batch(Nay Pyi Taw)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၄ယ/၆၄၈၃၂, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ဝင်း ၁၃/တကန(နိုင်)၂၁၆၂၅၈၈(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(တောင်ကြီး)**

သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ ကျွန်တော်တို့နိုင်ငံမှာ အဓိကတိုင်းရင်းသားလူမျိုးကြီး ၈ မျိုး၊ လူမျိုးစု ၁၃၀ ကျော် ရှိပါတယ်။ တိုင်းရင်းသားလူမျိုးတိုင်းဟာ တူညီတဲ့အခွင့်အရေးများ ရဖို့လိုပါတယ်။ တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တိုင်းရင်းသားများအရေးနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခွင့်အရေးတွေ၊ ရသင့်ရထိုက်တဲ့ ရပိုင်ခွင့်တွေရရှိအောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း(၇)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အင်ကြင်းကုန်းကျေးရွာ၌ မီးလောင်မှုကို တွေ့ရစဉ်။

## KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၄၈ လုံး၊ မကွေးတိုင်းဒေသကြီးအတွင်း အိမ်ခြေ ၂၈ လုံး၊ ချင်းပြည်နယ်အတွင်း အိမ်ခြေ အလုံး ၂၂၀ နှင့် ကချင်ပြည်နယ်အတွင်း အိမ်ခြေ အလုံး ၃၀ မီးလောင်ပျက်စီးခဲ့

နေပြည်တော် နိုဝင်ဘာ ၂၈

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

*စာမျက်နှာ ၂၀ ကော်လံ ၁* ❖

## ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်(၂) ဆက်လက်ယှဉ်ပြိုင် ဆားဘီးယားသရေကျပြီး ဂါနာအနိုင်ရ

ကမ္ဘာ့ဖလားအုပ်စုတွင်းပြိုင်ပွဲ ပွဲစဉ် (၂) မှ ကင်မရွန်းနှင့် ဆားဘီးယား၊ တောင်ကိုရီးယားနှင့် ဂါနာအသင်းတို့ ပွဲစဉ်ကို နိုဝင်ဘာ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (ဆ)မှကင်မရွန်းနှင့် ဆားဘီးယားအသင်းတို့ပွဲစဉ်တွင် တစ်ဖက်သုံးဂိုးစီ သရေကျခဲ့ပြီး အုပ်စု(ဇ)မှ တောင်ကိုရီးယားနှင့် ဂါနာအသင်းတို့ ပွဲစဉ်တွင် ဂါနာအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ *စာမျက်နှာ ၂၀ ကော်လံ ၁* ○



တောင်ကိုရီးယားမှ ဒုတိယချေပဂိုးကို ခေါင်းတိုက်သွင်းယူစဉ်။

## ONE 164 ပြိုင်ပွဲတွင် ထိုင်းရယ်လ်ထန်တွဲဆိုင်း အပါအဝင် ပွဲစဉ် ၁၁ ပွဲ ပါဝင်မည်

ရန်ကုန် နိုဝင်ဘာ ၂၈

ONE Championship အဖွဲ့အစည်းက စီစဉ်သည့် ONE 164 ပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ Mall of Asia Arena ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ MMA ဖိုက်တာ ထီရယ်လ်ထန်တွဲဆိုင်းအပါအဝင် ပွဲစဉ် ၁၁ ပွဲ ပါဝင်မည်ဖြစ်သည်။

ONE Championship အဖွဲ့အစည်းသည် ယင်းပြိုင်ပွဲကို အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး အပိုင်း-၁ တွင် ငါးပွဲ၊ အပိုင်း-၂ တွင် ခြောက်ပွဲ ပါဝင်မည်ဖြစ်သည်။ အပိုင်း-၂ Main Card တွင် အဓိကတွဲဆိုင်းများ ပါဝင်မည်ဖြစ်ပြီး ထီရယ်လ်ထန်သည် ဖိလစ်ပိုင်နိုင်ငံသား ဂျီရီမီပက်ကာတူနှင့် ထိုးသတ်ရမည်ဖြစ်သည်။ ထီရယ်လ်ထန်နှင့် ပက်ကာတူတို့ ပွဲစဉ်ကို အပိုင်း-၂ ၏ ဒုတိယပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ ထီရယ်လ်ထန်သည် ONE Championship အဖွဲ့အစည်းနှင့် လက်တွဲအပြီး စိန်ခေါ်ပွဲ ငါးပွဲထိုးသတ်ထားရာ သုံးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံးထိုးသတ်သည့်ပွဲတွင် တားမြစ်ထားသည့်နေရာကို *စာမျက်နှာ ၁၉ ကော်လံ ၁* ◆

**ယနေ့ ဖတ် စ ရာ**

**ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်ကပ်ရောဂါကြောင့် လူပေါင်း ၄၆၀၀၀ ခန့် ဆင်းရဲမွဲတေမှုဝင်ငွေ သတ်မှတ်ချက်အောက် ရောက်ရှိဟု ကမ္ဘာ့ဘဏ်ပြော** နိုင်ငံတကာသတင်း စာ - ၁၄

KNU၊ KNLA မှ **အကြမ်းဖက်မှုကိုလိုလားသောအဖွဲ့နှင့်** PDF **အမည်ခံအကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဖလူး၊ ကျောက်ခက်၊ သဘောဘိုး၊ ဝေါလေဒေသ တစ်ဝိုက်နှင့် မြဝတီ-ဝေါလေ ကားလမ်းတစ်လျှောက် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်ခဲ့** ပြည်တွင်းသတင်း စာ - ၂၀